စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

စီမံကိန်းဦးစီးဌာန

လယ်ယာစီးပွားနှင့် ကုန်သွယ်မှုဌာနခွဲ

# စိုက်ပျိုးစီးပွားသတင်းလွှာ

## (၂၀၂၂ ခုနှစ်၊ ဇွန်လ)

အပတ်စဉ်သတင်းလွှာ အမှတ်စဉ် - ၂၁ မှ ၂၅/၂၀၂၂ ထိအား စုစည်းတင်ပြပါသည်။

စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၂၁ / ၂၀၂၂)　　　　　　　　　　၂၀၂၂ ခုနှစ်၊ ဇွန်လ(၂) ရက်

| ၂-၆-၂၀၂၂ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၁၈၅၀.၀ |
| ယူရို | ၁၉၇၇.၃ |
| စင်္ကာပူဒေါ်လာ | ၁၃၄၅.၂ |
| စတာလင်ပေါင် | ၂၃၂၀.၄ |
| ဂျပန်ယန်း (၁၀၀) | ၁၄၂၄.၈ |
| တရုတ်ယွမ် | ၂၇၇.၂၆ |
| ဟောင်ကောင် ဒေါ်လာ | ၂၃၅.၇၈ |
| အိန္ဒိယရူပီး | ၂၃.၈၅၀ |
| ကိုရီးယားဝမ် (၁၀၀) | ၁၄၈.၀၄ |
| မလေးရှား ရင်းဂစ် | ၄၂၁.၃၂ |
| ဖိလစ်ပိုင်ပီဆို | ၃၅.၁၁၈ |
| ထိုင်းဘတ် | ၅၃.၈၆၅ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၇.၉၇၅၉ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်မှသဘာဝအတိုင်းထွက်ရှိသော စားသုံးနိုင်သည့်မှိုတင်ပို့မှု ယွမ်သန်း ၁၂၀ ရှိပြီဖြစ်

➢ အီးယူဒေသရှိ ဆန်ဈေးကွက်ကို လေ့လာတင်ပြခြင်း (ဂျာမနီနိုင်ငံ)

- **အထွေထွေသတင်းများ**

➢ ဂျာမနီနိုင်ငံ၏ အီးကောမတ်စ်ဈေးကွက်အခြေအနေ

➢ အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးလက်မှတ်နှုန်းထားများ လျော့ချသည့် အစီအစဉ်တစ်ရပ် သတ်မှတ်ခြင်း

➢ တရုတ်နိုင်ငံချုံချင်းမှတဆင့် မြန်မာနိုင်ငံသို့ ကုန်စည်ပို့ဆောင်ရေးချိတ်ဆက်မှုလမ်းကြောင်းအသစ်တစ်ခုကို စတင်လိုက်ပြီဖြစ်

➢ တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၏ ၁၀၃၉ ကုဒ်မှတစ်ဆင့် တင်ပို့မှု ယွမ် ၄၅၃ သန်းခန့်ရှိပြီ

➢ တရုတ်-ဗီယက်နမ် ရထားမှတဆင့် ကုန်သွယ်မှုသည် ဒေါ်လာ ၇၁ သန်းရှိ

➢ တရုတ်နိုင်ငံ(ယူနန်)နှင့် ကမ္ဘောဒီးယားတတ်သိပညာရှင်များ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

➢ နိုင်ငံခြားကုန်သွယ်မှုမြှင့်တင်ရန် တရုတ်နိုင်ငံ အစွမ်းကုန်ကြိုးပမ်းလျက်ရှိ

➢ တရုတ်နိုင်ငံ၏ စီးပွားရေးတည်ငြိမ်စေရန် ချေးငွေပိုမိုပံ့ပိုးပေးမည်ဟု ကတိပြုထား

## တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်မှသဘာဝအတိုင်း ထွက်ရှိသော စားသုံးနိုင်သည့် မှိုတင်ပို့မှု ယွမ်သန်း ၁၂၀ ရှိပြီဖြစ်

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ ဧပြီလအထိ တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်မှ boletus၊ Morel နှင့် Matsutake တန်ချိန် ၂,၃၉၁ တန် တင်ပို့ခဲ့ပြီး စုစုပေါင်းပို့ကုန်တန်ဖိုး ယွမ်သန်း ၁၂၀ ရှိကြောင်း ကူမင်းအကောက်ခွန်မှ ပြောကြားခဲ့သည်။

စားသုံးနိုင်သော တောရိုင်းမှိုများကို ဂျာမနီ၊ ပြင်သစ်၊ ဆွစ်ဇာလန်၊ နယ်သာလန်၊ ဂျပန်နှင့် အခြားနိုင်ငံများသို့ တင်ပို့ရောင်းချကြောင်း တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်တောင်ပိုင်း စစ်ဆောင်ပနား စီရင်စုမှ ထွက်ရှိသော boletus ကီလိုဂရမ် ၆၀ ကို အမေရိကန် ဒေါ်လာ ၉၆၀ ဖြင့် ဂျပန်နိုင်ငံသို့ လေယာဉ်ဖြင့်တင်ပို့ရန် အကောက်ခွန်ရှင်းလင်းရေးများ ဆောင်ရွက်ပြီးဖြစ်ကြောင်း ယူနန်အကောက်ခွန်မှ သိရှိရပါသည်။

ရင်းမြစ်–Export of Yunnan edible fungi reaches 120 million yuan – News – Yunnan Express

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး
ကူမင်း

..............................................................................................................

## အီးယူဒေသရှိ ဆန်ဈေးကွက်ကို လေ့လာတင်ပြခြင်း (ဂျာမနီနိုင်ငံ)

ဥရောပနိုင်ငံများတွင် ဆန်တင်သွင်းမှု တိုးတက်လျှက်ရှိပြီး ဥရောပအနောက်မြောက်ပိုင်း ဒေသနိုင်ငံများ (ဥပမာ–ယူနိုက်တက်ကင်းဒမ်း) က အများဆုံး တင်သွင်းလေ့ရှိကြပါသည်။ တင်သွင်းမှုများအနက် အနံ့အရသာကောင်းမွန်သည့် ဘာစမာတီဆန်ကို လူကြိုက်များကြပြီး အာရှနိုင်ငံများဖြစ်သည့် ထိုင်း၊ အိန္ဒိယနိုင်ငံ စသည်တို့မှ တင်သွင်းလျှက်ရှိပြီး Specialty rice အနေဖြင့် အော်ဂဲနစ်နှင့် fair trade လက်မှတ်ပါရှိမှုများကို ကြိုက်နှစ်သက်ကြပါသည်။ specialty riceကို ဆန်၏အရွယ်အစား၊ ပုံသဏ္ဍာန်၊ အာဟာရဓါတ်ပါဝင်မှု၊ ချက်ပြီးအနေအထား၊ ဓာတုဆေးပါဝင်မှုအချိုးအစားစသည်တို့ဖြင့် သတ်မှတ်လေ့ရှိကြပြီး ဘာစမာတီ၊ ဂျက်စမဲန်း (jasmine)၊ ကောက်ညှင်းဆန် (ထိုင်း၊ တရုတ်၊ အိန္ဒိယ) တို့သည် specialty rice အမျိုးအစားတွင် ပါဝင်ကြပါသည်။

ဥရောပကုန်သွယ်မှုစာရင်းအင်းများတွင် ကြိတ်ခွဲပြုပြင်ခြင်းမပြုရသေးသော စပါး (paddy rice)၊ ဆန်လုံးညို (brown rice–husked)၊ ကြိတ်ခွဲပြီးဆန် (white rice –milled) နှင့်ဆန်ကွဲ

(broken rice) တို့အပေါ်မူတည်၍ HS code များကို ခွဲခြားသတ်မှတ် ဖော်ပြလေ့ရှိပါသည်။ ဥရောပဒေသတွင် ဆန်လိုအပ်ချက်၏ ၆၀ ရာခိုင်နှုန်းကို ထုတ်လုပ်နိုင်ပြီး နှစ်စဉ်တန်ချိန် ၁.၈ သန်းခန့်ကို တင်သွင်းရန် လိုအပ်နေပါသည်။ EU Agricultural Outlook 2020–2030 အရ အီးယူ (၂၇) နိုင်ငံတွင် ဆန်တင်သွင်းမှုမှာ ၂၀၃၀ ပြည့်နှစ်အထိတိုးတက်နေနိုင်ကြောင်း၊ ထုတ်လုပ်နိုင်မှု၊ တင်သွင်းမှု (တန်ချိန်သန်း)နှင့် လူတစ်ဦးကျစားသုံးမှု(ကီလိုဂရမ်) တို့ကို ခန့်မှန်းထားပါသည်။

လက်ရှိတွင် ဥရောပတောင်ပိုင်းဒေသမှ Japonica ဆန်အမျိုးအစားကို အဓိက ထုတ်လုပ်ပြီး တင်ပို့လျှက်ရှိပါသည်။ အာရှဒေသထွက်အင်ဒီကာ(Indica) အမျိုးအစား ဆန်ဖြစ်သည့် ဘာစမာတီနှင့် ဂျက်စမဲန်းတို့ကို အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့မှ အဓိက တင်သွင်းပြီး ဥရောပမြောက်ပိုင်းဒေသမှ ပိုမိုနှစ်သက်ကြပါသည်။ စပိန်နှင့် အီတလီနိုင်ငံတို့သည် ဆန်စားသုံးလေ့ရှိသည့်နိုင်ငံများဖြစ်ကြသည်။ ဘာစမာတီဆန်ကို နယ်သာလန်နှင့် ယူနိုက်တက်ကင်းဒမ်းနိုင်ငံတို့က အဓိကတင်သွင်းကြပြီး အီတလီ၊ ဘယ်လ်ဂျီယန်၊ ပြင်သစ်နိုင်ငံတို့ကလည်း တင်သွင်းကြပါသည်။ လူကြိုက်များသည့် ဘာစမာတီဆန်အမျိုးအစားများမှာ Pusa Basmati ၊ Super kernel နှင့် basmati 1121 တို့ ဖြစ်ကြပါသည်။ ဆန်ကွဲကို ဘီယာ၊ ကော်၊ ဂျုံမှုန့်၊ တိရစ္ဆာန်အစာ စသည်တို့ ထုတ်လုပ်ရာတွင် ထည့်သွင်းအသုံးပြုလေ့ရှိပါသည်။

ဥရောပနိုင်ငံများသို့ ဆန်တင်သွင်းရာတွင် ကြိတ်ဖွပ်ပြီးဆန်ဖြူနှင့်ဆန်လုံးညိုတို့မှာ အလားအလာရှိပြီး ဆန်ဖြူမှာ အလေးချိန်ပိုမိုလျော့နည်းခြင်း၊ မှိုပါဝင်မှုနည်းခြင်း၊ တန်ဘိုးမြင့်ထုတ်ကုန်ထုတ်လုပ်နိုင်ခြင်းတို့ကြောင့် ပိုမိုနှစ်သက်မှုရှိပါသည်။ ၂၀၂၀ ခုနှစ်တွင် ဥရောပဒေသ ဆန်ကုန်သွယ်မှုတန်ဘိုးမှာ ကြိတ်ခွဲပြီး သို့မဟုတ် တစ်ဝက်တစ်ပျက်ကြိတ်ခွဲပြီး ဆန်အတွက် ယူရို (၁၈၈၂) သန်းရှိပြီး ဆန်လုံးညို သို့မဟုတ် Husked Riceမှာ ယူရို (၉၄၁) သန်းရှိကြောင်း တွေ့ရှိရပါသည်။

အီးယူနိုင်ငံများနှင့် ယူကေနိုင်ငံတို့၏ ဆန်တင်သွင်းမှုများကို လေ့လာကြည့်လျှင် ၂၀၂၀ ခုနှစ်အတွင်း ဆန်တင်သွင်းမှုမှာ သိသာစွာတိုးတက်လာခဲ့ပြီး ယူကေနိုင်ငံက ဆန်လုံးညို သို့မဟုတ် Husked Rice တင်သွင်းမှုအများဆုံးဖြစ်ခဲ့ကာ ကပ်ရောဂါကာလအတွင်း ကြာရှည်ခံစားသောက်ကုန်များကို ပိုမိုဝယ်ယူစုဆောင်းထားလိုခြင်းကြောင့်လည်း ဖြစ်ပါသည်။

ဥရောပနိုင်ငံများအနက် ဥရောပအနောက်မြောက်ပိုင်းနိုင်ငံများသည်အရည်အသွေးကို အဓိကအလေးထားတင်သွင်းကြပြီး အရှေ့ပိုင်းနိုင်ငံများသည် ဈေးနှုန်းကို ပိုမိုစဉ်းစားလေ့ ရှိကြပါသည်။ ဥရောပတောင်ပိုင်းနိုင်ငံများသို့ တင်ပို့ပါက ဒေသထွက်ဆန်အမျိုးအစားများနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိရန်

လိုအပ်ပါသည်။ ယေဘူယျအားဖြင့် ယူနိုက်တက်ကင်းဒမ်း၊ ပြင်သစ်၊ ဂျာမနီနိုင်ငံများသည် အများဆုံး တင်သွင်းသည့်နိုင်ငံများဖြစ်ကြပြီး နယ်သာလန်နိုင်ငံက ဆန်တင်ပို့သည့်နိုင်ငံများအတွက် ဥရောပ နိုင်ငံများ၏ ကုန်သွယ်မှုဝင်ပေါက်တစ်ခုအဖြစ် ဆောင်ရွက်ပေးပါသည်။ အီတလီနှင့် ဘယ်လ်ဂျီယံ နိုင်ငံတို့သည် ကြိတ်ဖွပ်ပြီးဆန်ဖြူများအတွက် အရေးပါသောဈေးကွက်များဖြစ်ကြပြီး ဂျာမနီနှင့် ပြင် သစ်နိုင်ငံတို့သည် အော်ဂဲနစ်ဆန်ဈေးကွက်တွင် ပိုမိုအရေးပါမှုရှိကြပါသည်။

### ယူနိုက်တက်ကင်းဒမ်း

ဘာစမာတီဆန်နှင့် Husked rice ဆန်တို့ကို အများဆုံးတင်သွင်းသည့် ဥရောပနိုင်ငံတစ်ခု ဖြစ်ပါသည်။ ၂၀၂၀ ခုနှစ်တွင် Husked rice တင်သွင်းမှု(၃၃၀၀၀၀တန်)သည် ဆန်ဖြူတင်သွင်းမှု (၁၂၇၀၀၀တန်) ထက်များခဲ့ပါသည်။ Husked rice ကို သက်ဆိုင်ရာနိုင်ငံများမှ တင်သွင်းပြီး ဆန်ဖြူ အများစုကို ဥရောပဆန်စက်များမှ တင်သွင်းပါသည်။ အီးယူအဖွဲ့ဝင်နိုင်ငံအဖြစ်မှ နှုတ်ထွက်ခဲ့ပြီး နောက် ဥရောပနိုင်ငံများမှ ဆန်တင်သွင်းမှုအပေါ် အားထားမှုလျော့နည်းလာနိုင်ပြီး အခြားဆန်တင် ပို့သည့်နိုင်ငံများနှင့် ကိုယ်ပိုင်ကုန်သွယ်မှုသဘောတူ စာချုပ်များချုပ်ဆိုနိုင်သည့် အခွင့်အရေးများရှိ လာပါသည်။

### ပြင်သစ်

အနံ့အရသာမွှေးကြိုင်သောဆန်နှင့် အော်ဂဲနစ်ဆန်တင်သွင်းသောဈေးကွက်ရှိပြီး ဥရောပ တောင်ပိုင်းရှိဒေသထွက်ဆန်များကိုလည်း တင်သွင်းမှုပြုပါသည်။ ဆန်လုံးရှည်များကို ကမ္ဘောဒီး ယားနှင့် ထိုင်းနိုင်ငံတို့မှ တင်သွင်းပြီး ပေါင်းဆန်ကို အီတလီ သို့မဟုတ် စပိန်နိုင်ငံတို့မှ တင်သွင်းပါ သည်။ ဘာစမာတီ (Husked) ကို ယခင် အိန္ဒိယနိုင်ငံမှတင်သွင်းပြီး ၂၀၁၈ ခုနှစ်မှစ၍ ပါကစ္စတန် နိုင်ငံမှ တင်သွင်းပါသည်။ ၂၀၂၀ ခုနှစ်တွင် ဆန်ဖြူတင်သွင်းမှုတန်ဘိုး ယူရို(၁၇၃) သန်း ရှိခဲ့ပါသည်။ နိုင်ငံတောင်ပိုင်းမှထွက်ရှိသော Riz de Camargue အမျိုးအစားဆန်ကိုလည်း စားသုံးကြပါသည်။ ပြည်တွင်းဆန်ထုတ်လုပ်မှု၏ ၁၉ ရာခိုင်နှုန်းမှာ အော်ဂဲနစ်ဆန်များ ဖြစ်ကြပြီး ပြည်ပမှတင်သွင်းသည့် အော်ဂဲနစ်ဆန်များမှာ ထိုင်းနိုင်ငံမှ red rice နှင့် သီရိလင်္ကာနိုင်ငံမှ red Pacha rice တို့ဖြစ်ပါသည်။ အော်ဂဲနစ်ဆန်များကို fair trade လက်မှတ်နှင့်အတူ အသိအမှတ်ပြုလက်ခံကြပါသည်။

## ဂျာမနီ

ဂျာမနီနိုင်ငံသည် ဆန်အဓိကစားသုံးသောနိုင်ငံမဟုတ်သော်လည်း အီးယူနိုင်ငံများအနက် ဆန်ဈေးကွက် အလားအလာရှိသောနိုင်ငံဖြစ်ပြီး အီတလီ၊ ဘယ်လ်ဂျီယံ၊ နယ်သာလန်နိုင်ငံတို့မှ အဓိက တင်သွင်းနေပါသည်။ အီးယူပြင်ပနိုင်ငံများအနက် အိန္ဒိယ၊ မြန်မာ၊ ပါကစ္စတန်၊ ထိုင်းနိုင်ငံတို့မှ တင်သွင်းလျှက်ရှိပါသည်။ မြန်မာနိုင်ငံမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ဆန်နှင့် ဆန်ကွဲ တန်ဘိုး အမေရိကန်ဒေါ်လာ ၁ သန်းကျော်ဘိုး ဝယ်ယူတင်သွင်းခဲ့ပါသည်။ အော်ဂဲနစ် ဆန်ဈေးကွက်ဝေစု ၅ ရာခိုင်နှုန်းရှိပြီး specialty rice ဈေးကွက်မှာ ပိုမိုတိုးတက်လာနိုင်ကြောင်း ခန့်မှန်းထားရှိပါသည်။ ဂျာမနီနိုင်ငံရှိ ဂျာမန်စူပါမားကက်များတွင် ဘာစမာတီ၊ ဂျက်စမဲန်း၊ ပေါင်းဆန်၊ ဆန်လုံးညို၊ ကောက်ညှင်းဆန်၊ ဆူရှီဆန် စသည်တို့ ရောင်းချပြီး အာရှစူပါမားကက်များတွင် ထိုင်း၊ သီရိလင်္ကာ၊ အိန္ဒိယ၊ ပါကစ္စတန်၊ ဗီယက်နမ်နိုင်ငံတို့မှ တင်သွင်းသည့်ဆန်များကို အများဆုံး ရောင်းချကြပါသည်။ ရုရှား-ယူကရိန်း ပဋိပက္ခဖြစ်ပွားချိန်မှစ၍ ကုန်ဈေးနှုန်းများမြင့်တက်ခဲ့ရာ ဆန်ဈေးနှုန်းများလည်း မြင့်တက်လာပါသည်။ ဘာစမာတီဆန် ၅ kg လျှင် ယခင်က ၁၂ ယူရို ရှိရာမှ ယခုအခါ ၁၅ ယူရို နီးပါး ရှိလာပြီဖြစ်သည်။

## နယ်သာလန်

အီးယူနိုင်ငံများသို့ ကုန်သွယ်ရေးဝင်ပေါက်တစ်ခုဖြစ်သည်နှင့်အညီ ဆန်အမျိုးအစားမျိုးစုံ တင်သွင်းဖြန့်ဖြူးလျှက်ရှိပါသည်။ ဘာစမာတီအပါအဝင် Husked rice များကို အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံများမှ တင်သွင်းပြီး ကြိတ်ခွဲပြီးဆန်များ(milled rice) ကို ထိုင်း၊ အိန္ဒိယ၊ ကမ္ဘောဒီးယားနှင့် ပါကစ္စတန်နိုင်ငံများမှ တင်သွင်းပါသည်။ ဂျာမနီနိုင်ငံသည် နယ်သာလန်၏ အဓိက milled rice တင်ပို့သည့် ဈေးကွက်ဖြစ်ပါသည်။

## ဘယ်လ်ဂျီယံ

Husked rice နှင့် ဆန်ကွဲဈေးကွက်ရှိပြီး ဆန်ကုမ္ပဏီကြီးများအခြေစိုက် လုပ်ကိုင်လျှက်ရှိပါသည်။ ဥပမာ- Mars Food ကုမ္ပဏီသည် စပိန်နှင့်အီတလီနိုင်ငံတို့တွင် စိုက်ခင်းများရှိပြီး ကြိတ်ခွဲထုတ်လုပ်မှုလုပ်ငန်းများလုပ်ကိုင်ကာ ဆန်များထုတ်လုပ်ဖြန့်ဖြူးပါသည်။ ဆန်မွှေးများကို ပါကစ္စတန်နိုင်ငံမှ အဓိကတင်သွင်းပါသည်။ Antwerp ဆိပ်ကမ်းသည် နိုင်ငံတစ်ကာ ဆန်ထုတ်လုပ်သူများအတွက် အချက်အခြာကျသော ဆိပ်ကမ်းဖြစ်ပါသည်။ စူပါမားကက်များတွင် ဆန်ထုတ်ကုန်အမျိုး

အစားပေါင်း(၄၀) ကျော်ကို ရောင်းချလျှက်ရှိပြီး Specialty rice ဈေးကွက်အနေနှင့် များစွာတိုးတက်မှုမရှိသေးကြောင်း တွေ့ရှိရပါသည်။

**အီတလီ**

ဥရောပတွင် ဆန်ထုတ်လုပ်မှုအများဆုံးနိုင်ငံဖြစ်ပြီး ဥရောပပြင်ပနိုင်ငံများမှလည်း ဆန်တင်သွင်းသူဖြစ်ပါသည်။ Japonica ဆန် (short/medium grain) ကို အဓိကထုတ်လုပ်ပြီး ၂၀၁၉ ခုနှစ်တွင် တန်ချိန် ၁.၁ သန်းနီးပါး ထုတ်လုပ်မှုရှိခဲ့ပါသည်။ Indica အမျိုးအစား ဆန်လုံးရှည်များကိုလည်း ထုတ်လုပ်စားသုံးမှုရှိကာ အော်ဂဲနစ်ဆန်ထုတ်လုပ်မှုလည်း တိုးတက်လျှက် ရှိပါသည်။ Husked rice ကို အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံများမှ တင်သွင်းပြီး ကြိတ်ခွဲပြီး ဆန်များ(milled rice) ကို ထိုင်းနိုင်ငံမှ အများဆုံး တင်သွင်းပါသည်။ ဥရောပရှိ အကြီးဆုံး ဆန်ကုမ္ပဏီတစ်ခုဖြစ်သော Euricom တည်ရှိပြီး ပြည်တွင်းဆန်စက်များက ဒေသထွက်အီတလီဆန်နှင့် တင်သွင်းလာသောဆန်မွှေးများကို ရောနှောကြိတ်ခွဲကြပါသည်။

**လေ့လာသုံးသပ်တင်ပြချက်**

အီးယူဒေသတွင် ဒေသတွင်း တစ်နှစ်ဆန်စားသုံးမှုအနေနှင့် တန်ချိန် ၂.၈ သန်းခန့်ရှိနိုင်ကြောင်းခန့်မှန်းထားပြီး လက်ရှိတွင် လိုအပ်ချက်၏ ၆၀ ရာခိုင်နှုန်းကို ထုတ်လုပ်နိုင်မှုရှိကာ ဆွဒ်ဇာလန်၊ တူရကီစသည့်နိုင်ငံများသို့ အနည်းငယ်တင်ပို့မှုရှိပါသည်။ အီးယူဒေသရှိ ဆန်ဈေးနှုန်းမှာ ပျမ်းမျှအားဖြင့် Paddy rice တစ်တန်လျှင် ယူရို (၃၀၀) နှင့် Milled rice တစ်တန်လျှင် ယူရို (၆၀၀) ခန့်ရှိပါသည်။ အီးယူနိုင်ငံများနှင့် ယူကေနိုင်ငံတို့တွင် အာရှဒေသမှ လာရောက်အခြေချနေထိုင်သူများရှိကြခြင်းနှင့် ပြည်တွင်းစားသုံးမှုရှိကြခြင်းကြောင့် Japonica ဆန်ကို ထုတ်လုပ် စားသုံးနေကြသကဲ့သို့ အင်ဒီကာ Long grain ဆန်နှင့် အခြားဆန်၊ ဆန်ကွဲများကိုလည်း တင်သွင်းရန် လိုအပ်နေပါသည်။ ဆန်ဈေးကွက်အလားအလာမှာ ဆက်လက်တိုးတက်မှုရှိနိုင်ပြီး မြန်မာနိုင်ငံမှ လက်ရှိတင်ပို့မှုအပြင် ပေါ်ဆန်းမွှေးဆန်ကိုလည်း Specialty rice အနေနှင့် မိတ်ဆက်တင်ပို့နိုင်လျှင် ဈေးကွက်နေရာတစ်ခုရရှိနိုင်ပါသည်။ ဂျာမနီနိုင်ငံ ဖရန့်ဖတ်မြို့ အခြေစိုက် အိန္ဒိယလူမျိုးဦးစီးလုပ်ကိုင်သော Global Foods Trading ကုမ္ပဏီသည် အာရှဒေသမှစိုက်ပျိုးရေးထွက်ကုန်များကို တင်သွင်းဖြန့်ဖြူးနေပြီး မြန်မာနိုင်ငံမှ ထွက်ကုန်များကိုလည်း တင်သွင်းရန် စိတ်ဝင်စားမှုရှိကာ စီးပွားရေးသံမှူးအနေဖြင့် ဆန်အပါအဝင် အခြားထွက်ကုန်များကို မိတ်ဆက်နိုင်ရန်ဆောင်ရွက်လျှက်ရှိပါကြောင်း တင်ပြအပ်ပါသည်။

Sources: https://ec.europa.eu/info/sites/default/files/food-farmin fisheries/plants_and _ plant_products/documents / factsheet-eu-rice-market_en.pdf https://www.cbi.eu/ market-information/grains-pulses-oilseeds/specialty-rice/market-potential

သီတာဝင်းငွေ၊ စီးပွားရေးသံမှူး

ဘာလင်

…………………………………………………………………

## ဂျာမနီနိုင်ငံ၏ အီးကောမတ်စ်ဈေးကွက် အခြေအနေ

ဂျာမနီနိုင်ငံတွင် ဖက်ဒရယ်စာရင်းအင်းရုံးအဖွဲ့၏စာရင်းထုတ်ပြန်ချက်အရ အွန်လိုင်းဈေးရောင်းချသူများ (၅၀)သန်းခန့်ရှိပြီး အင်တာနက်သုံးစွဲသူပေါင်း၏ လေးပုံသုံးပုံသည် အွန်လိုင်းမှတဆင့် ဈေးဝယ်ယူမှုများ ပြုလုပ်ကြကြောင်း တွေ့ရှိရပါသည်။ Federal Association of E-Commerce and Mail-Order Trade ၏ အဆိုအရ ၂၀၁၈ ခုနှစ်တွင် အီးကောမတ်စ်ကုန်စည်များ စုစုပေါင်းရောင်းရငွေသည် ယူရို ၆၅.၁ ဘီလီယံရှိခဲ့ပြီး လက်လီအရောင်းဈေးကွက်၏ ရှစ်ပုံ တစ်ပုံခန့် ရှိခဲ့ကာ ၂၀၂၃ ခုနှစ်တွင် ယူရို ၈၆.၄ ဘီလီယံရောက်ရှိလာရန် ခန့်မှန်းထားရှိပါသည်။ ဂျာမနီနိုင်ငံသည်တရုတ်၊ အမေရိကန်၊ ဂျပန်၊ ယူကေနိုင်ငံတို့ပြီးနောက် အီးကောမတ်စ်ဈေးကွက် အဖွံ့ဖြိုးဆုံးနိုင်ငံ ဖြစ်ပါသည်။

ဥရောပနိုင်ငံများအနက် ဂျာမနီနိုင်ငံသည် အင်တာနက်သုံးစွဲမှုနှင့် အီးကောမတ်စ်အသုံးပြုသူ အများဆုံးဖြစ်ကာ နိုင်ငံလူဦးရေ၏ ၈၀ ရာခိုင်နှုန်း(၆၅သန်း) သည် အွန်လိုင်းဝယ်ယူမှုများ ပုံမှန်ပြုလုပ်လေ့ရှိပါသည်။ လေ့လာမှုများအရ ကုမ္ပဏီများ၏ ၇၇ ရာခိုင်နှုန်းကျော်သည် အွန်လိုင်းဝယ်ယူမှုများပြုလုပ်ပြီး ၇၅ ရာခိုင်နှုန်းကျော်သည် အွန်လိုင်းရောင်းဝယ်မှုများမှ ဝင်ငွေများရရှိနေကြကြောင်း တွေ့ရှိရပါသည်။ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါဖြစ်ပွားမှုကလည်း လက်လီအရောင်း ဈေးကွက်ကိုအွန်လိုင်းရောင်းဝယ်မှုပုံစံသို့ ရောက်ရှိစေရန် ပိုမိုတွန်းအားပေးမှုပြုခဲ့ကာ ၂၀၂၀ ခုနှစ်အတွင်း ရောင်းရငွေစုစုပေါင်း ယူရို (၈၃.၃) ဘီလီယံ ရရှိခဲ့ပါသည်။ ကပ်ရောဂါကာလအတွင်း စူပါမားကက်များ၊ ဆေးဆိုင်များ ဖွင့်လှစ်ထားရှိသော်လည်း အွန်လိုင်းမှ နေ့စဉ်သုံးပစ္စည်းများ ဝယ်ယူမှုသည် ၂၀၁၉ ခုနှစ်တွင် ယူရို (၄.၉) ဘီလီယံမှ၂၀၂၀ ခုနှစ်တွင် ယူရို(၆.၉) ဘီလီယံဖြင့် အမြင့်ဆုံးရောက်ရှိခဲ့ပါသည်။

ကပ်ရောဂါကာလအတွင်း လက်လီရောင်းချသူများသည် အရောင်းဆိုင်များ ပိတ်ထားကြရသည့်အချိန်၌ အွန်လိုင်းတွင် click-collect-delivery စနစ်ဖြင့် ဝင်ငွေရရှိအောင် ဆောင်ရွက်ခဲ့ကြသည်။ အွန်လိုင်းဝယ်ယူသူများသည် ငယ်ရွယ်သူများအပြင် အသက် ၅၀ နှစ်နှင့် ၆၀ နှစ် အထက်ရှိသူများကလည်း ဝယ်ယူမှုများစွာ ပြုလုပ်ကြကြောင်း လေ့လာတွေ့ရှိရပါသည်။ တစ်ဖက်တွင်လည်း အီးကောမတ်စ်လုပ်ငန်းနှင့် ဆက်နွယ်၍ online shop manager, content manager, online marketing manager and affiliate manager စသည့် အလုပ်အကိုင်ခန့်ထားမှုများလည်းပိုမိုတိုးတက်လာနိုင်ကြောင်း ခန့်မှန်းထားရှိပါသည်။ အီးကောမတ်စ်အသင်းကလည်း သင်တန်းအစီအစဉ်အသစ်များကို မိတ်ဆက်ပေးပြီး အထူးသဖြင့် ငယ်ရွယ်သူများအတွက် ဝယ်ယူသုံးစွဲသူများ၊ လုပ်ငန်းမိတ်ဘက်များနှင့် ဆက်ဆံလုပ်ကိုင်ရာတွင် လုပ်ငန်းကျွမ်းကျင်တတ်မြောက်သူများဖြစ်လာရန် စီစဉ်ဆောင်ရွက်ပေးလျှက်ရှိသည်။

အီးကောမတ်စ် လုပ်ငန်းတွင် ငွေပေးချေမှုစနစ်များသည်လည်း အရေးပါသည့်လုပ်ငန်းတစ်ခုဖြစ်လာပြီး ဂျာမနီနိုင်ငံတွင် ခရက်ဒစ်ကတ်အပြင် PayPal, giropay စသည်တို့ဖြင့်လည်း ပေးချေမှုပြုကြပါသည်။ ဂျာမနီနိုင်ငံ ထောက်ပံ့ပို့ဆောင်မှုကဏ္ဍတွင် ပစ္စည်းပို့ဆောင်ပေးသည့် courier ကုမ္ပဏီပေါင်း (၃၅၀၀)နှင့် ထောက်ပံ့ဝန်ဆောင်မှု (logistics service providers) ကုမ္ပဏီပေါင်း (၆၀၀၀၀) ခန့်ရှိပြီး အွန်လိုင်းဝယ်ယူမှုများအတွက် ထိရောက်ကောင်းမွန်သည့် ဝန်ဆောင်မှုများကို ပံ့ပိုးပေးနေပြီး same-day delivery ကဲ့သို့ နေ့ချင်းမှာယူရရှိနိုင်သည့် ဝန်ဆောင်မှုများကိုလည်း ရရှိနိုင်ပါသည်။ အခြားတစ်ဘက်တွင်လည်း ဂျာမန်အွန်လိုင်းဝယ်ယူသူများက မှာယူပစ္စည်းများကို ကြိုက်နှစ်သက်မှုမရှိလျှင် အခမဲ့ပြန်လည်ပို့ဆောင်နိုင်သည့် (free postal returns) ဝန်ဆောင်မှုများကိုရွေးချယ်မှုများကြပြီး ယင်းကဲ့သို့ ပြန်လည်ပို့မှုများကြောင့် အွန်လိုင်းကုမ္ပဏီများအနေဖြင့် ပို့ဆောင်စရိတ်များ မြင့်တက်ခြင်းများလည်း ကြုံတွေ့လာရပြီး ပိုမိုဆန်းသစ်တီထွင်မှုရှိသည့် ပို့ဆောင်မှုစနစ်မျိုးကို စဉ်းစားလာကြပါသည်။

Same-day delivery ဝန်ဆောင်မှုများကို အမေဇုန်အွန်လိုင်းက ၎င်း၏ Prime customers ကို စရိတ်ထပ်မံ ပေးဆောင်စေခြင်းမရှိဘဲ ဆောင်ရွက်ပေးနေပြီး အခြားကုမ္ပဏီများဖြစ်သည့် Zalando, Media-Saturn, H&M ကုမ္ပဏီစသည်တို့ကလည်း ဆောင်ရွက်ပေးနေပါသည်။ အကယ်၍ မှာယူမှုကညပိုင်းဖြစ်ခဲ့လျှင်နောက်တစ်နေ့မနက်အစောပိုင်းတွင် ပို့ဆောင်ပေးမည် ဖြစ်ပါသည်။ H&M က Next Day Delivery ကို မိတ်ဆက်ထားပြီး ဘာလင်၊ နူရင်ဘတ်မြို့များအပါအဝင် မြို့ပေါင်း(၁၂)မြို့တွင် ဆောင်ရွက်ပေးပါသည်။ အခြားအသုံးများလာသည့် အွန်လိုင်းစနစ်တစ်ခုမှာ Click and Collect အစီအစဉ်ဖြစ်ပြီး ဝယ်ယူသူက ဝယ်ယူမည့်ပစ္စည်းကို ရွေးချယ်ပြီးနောက် နီးစပ်

ရာအရောင်းဆိုင်တွင် လာရောက်ရယူသည့် စနစ်ဖြစ်ပါသည်။ မိုဘိုင်းဖုန်းများက အီးကောမတ်စ် ရောင်းဝယ်မှုများအတွက် အရေးပါသောပစ္စည်းတစ်ခုဖြစ်လာပြီး အွန်လိုင်းဈေးကွက်တွင် မိုဘိုင်းဖုန်း ရောင်းချရမှုများမြင့်တက်လာခဲ့ကာ QR code scanning ပြုလုပ်ခြင်းသည်လည်း အွန်လိုင်း-အော့ဖ်လိုင်းနှစ်မျိုးလုံးအတွက် အသုံးဝင်မှုရှိလာခဲ့သည်။ အွန်လိုင်းမှ အစားအသောက်များမှာယူမှုကို ပို့ဆောင်ခနှုန်းများဈေးမြင့်မှု၊ စူပါမားကက်များ ထူထပ်စွာရှိမှုနှင့် ဂျာမန်ပြည်သူများ၏ ပင်ကိုယ် စရိုက်တို့အရ များစွာမှာယူမှုမရှိကြသော်လည်း ဂျာမန် Start up လုပ်ငန်းများက Online grocery ဝန်ဆောင်မှုများကို စတင်လုပ်ကိုင်ခဲ့မှုကြောင့် တိုးတက်လာပါသည်။ ဂျာမန်ပြည်သူများက ပရိဘော ဂအသုံးအဆောင်များ၊ နေ့စဉ်တစ်ကိုယ်ရေသုံးနှင့် ကျန်းမာရေးအသုံးအဆောင်ပစ္စည်းများ၊ အိမ်မွေး တိရစ္ဆာန်အစာနှင့် အသုံးအဆောင်များကို အွန်လိုင်းမှဝယ်ယူရန် ပိုမိုနှစ်သက်ကြပါသည်။

Source: https://www.gtai.de/en/invest/industries/consumer-industries/e-commerce-65482#73080

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး
ဘာလင်

........................................................................................

## အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးလက်မှတ်နှုန်းထားများ လျှော့ချသည့်အစီအစဉ်တစ်ရပ် သတ်မှတ်ခြင်း

ဂျာမနီနိုင်ငံတွင် ခရီးသွားလာမှုများအတွက် လောင်စာစွမ်းအင်ဈေးနှုန်းမြင့်မားမှုကြောင့် ကုန်ကျစရိတ်များကို လျှော့ကျစေရန်ရည်ရွယ်၍ နိုင်ငံတွင်း အများပြည်သူသုံး သယ်ယူပို့ဆောင်ရေး ခရီးစဉ်များ(Public transportation) အား ၂၀၂၂ ခုနှစ်ဇွန်လမှ ဩဂုတ်လအထိ သုံးလတာကာလ အတွင်း တစ်လလျှင်(၉)ယူရိုနှုန်းဖြင့် လက်မှတ်များဝယ်ယူသုံးစွဲခွင့်ပြုရန် ဂျာမန်အထက်လွှတ်တော် အစည်းအဝေးက မေလ ၂၀ ရက်နေ့က သဘောတူလက်မှတ်ရေးထိုးခဲ့ပါသည်။ အဆိုပါ အစီအစဉ် သည် ဇွန်လ ၁ ရက်နေ့မှစ၍ သက်ရောက်မှုရှိမည်ဖြစ်ပြီး ပြည်သူများအနေဖြင့် ကိုယ်ပိုင်ကားများ သုံးစွဲမှုလျှော့ချပြီး အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးစနစ်များဖြင့် သွားလာနိုင်ကြစေရန်နှင့် ရုရှားနိုင်ငံမှ လောင်စာဆီတင်သွင်းရမှုလျှော့ချနိုင်စေရန်ဖြစ်သည်။ ထို့ပြင် ဘဏ္ဍာရေးထောက်ပံ့ ကူညီမှုအစီအစဉ်တစ်ခုလည်းဖြစ်ကာ ဓာတ်ဆီလောင်စာသုံးစွဲမှုလျှော့ချရန်နှင့် လေထုညစ်ညမ်းမှု လျှော့ကျစေရန်လည်း ဖြစ်ပါသည်။ ဖက်ဒရယ်အစိုးရက အဆိုပါအစီအစဉ်အတွက် ယူရို ၂.၅ ဘီလီယံ ထောက်ပံ့ပေးမည် ဖြစ်ပါသည်။

နိုင်ငံတွင်းရှိ နိုင်ငံခြားခရီးသွားဧည့်သည်များအပါအဝင် မည်သူမဆို အဆိုပါလက်မှတ် ဝယ်ယူအသုံးပြုနိုင်မည်ဖြစ်ပြီး အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးစနစ်များကို အသုံးပြုခြင်းဖြင့်ကားလမ်းပိတ်ဆို့မှုများ လျော့ပါးနိုင်ပြီး အချို့သွားလာမှုများအား ပိုမိုလျင်မြန်လွယ်ကူစွာ ရောက်ရှိစေနိုင်မည်ဖြစ်သည်။ အဆိုပါအစီအစဉ်နှင့်ပတ်သက်၍ ဂျာမန်ခရီးသွားအသင်းမှ ပြောခွင့်ရပုဂ္ဂိုလ် Ms.Huberta Sasse က ယခုအစီအစဉ်သည် ခရီးသွားပြည်သူများအတွက် စိတ်ဝင်စားစရာဆွဲဆောင်မှုရှိသည့် အစီအစဉ်ဖြစ်သော်လည်း လက်မှတ်နှုန်းထားဈေးသက်သာမှု တစ်ခုတည်းဖြင့်အများပြည်သူသုံးသယ်ယူပို့ဆောင်ရေးစနစ်များကို တိုးမြှင့်ခြင်းမလုပ်ဆောင်နိုင်ဘဲ ရေရှည်တွင်မြန်ဆန်ပြီး တဆင့်ကူးပြောင်းစီးနင်းမှုများအတွက် ပိုမိုများပြားအဆင်ပြေကောင်းမွန်သည့် ဆက်သွယ်ရေးစနစ်များ ချဲ့ထွင်ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း ပြောဆိုပါသည်။ ဒေသအုပ်ချုပ်ရေးတာဝန်ခံတစ်ဦးက အစိုးရအနေဖြင့် ယခုကဲ့သို့ ဈေးနှုန်းလျှော့ချသတ်မှတ်ခြင်းထက် သယ်ယူပို့ဆောင်ရေးစနစ်များ၏ အခြေခံအဆောက်အအုံများနှင့် ဝန်ဆောင်မှုပိုင်းများအတွက် ဘီလီယံတန်ဘိုးရှိရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဆောင်ရွက်ပေးသင့်ကြောင်း ထောက်ပြ ပြောဆိုမှုများလည်း ရှိပါသည်။

ဂျာမနီနိုင်ငံတွင် နိုင်ငံပိုင် Deutsche Bahn ရထားလိုင်းက စီစဉ်ပြေးဆွဲနေသော ရထားလမ်းကြောင်းများကို နေ့စဉ်အသုံးပြုနေသူဦးရေ (၁၃)သန်းခန့်ရှိပါသည်။ ရထားအချိန်များနောက်ကျမှု၊ စီးနင်းသူများပြားထူထပ်မှု၊ ဝန်ဆောင်မှုအားနည်းမှု၊ လမ်းကြောင်းများဖျက်သိမ်းမှုများ ရှိနေမှုအပေါ် ဝေဖန်ထောက်ပြမှုများရှိနေဆဲဖြစ်ပြီး ရထားလမ်းပိုင်းတာဝန်ရှိသူများအနေဖြင့် ရထားဒီဇိုင်းအသစ်များ၊ စွမ်းဆောင်ရည်တိုးမြှင့်မှုများဖြင့် ရထားစီးနင်းသူများ အဆင်ပြေချောမွေ့စေရန်ဆောင်ရွက်ပေးလျှက်ရှိပါသည်။ ယခု တစ်လ(၉) ယူရိုလက်မှတ်နှုန်းထား အစီအစဉ်သည် မြို့ပြပတ်ဝန်းကျင်နေထိုင်သူများ၊ နေ့စဉ်အသုံးပြုနေသူများအတွက် ပိုမိုအကျိုးရှိစေမည့် အစီအစဉ်ဖြစ်ပြီး စီးနင်းသူများမှ မည်သို့တုန့်ပြန်မှုရှိမည်ကို လေ့လာစောင့်ကြည့်နေကြပါသည်။ ပြည်တွင်းသယ်ယူပို့ဆောင်ရေးကုမ္ပဏီများက ယခုအစီအစဉ်ကို ကြိုဆိုသော်လည်း အထူးလက်မှတ်များ ရောင်းချရန်အတွက်အွန်လိုင်းပလက်ဖောင်းအသစ်များတည်ထောင်ရန် လိုအပ်သကဲ့သို့ ပုံမှန်လပေးလက်မှတ်များဝယ်ယူသုံးစွဲသူများအတွက်လည်း လက်ရှိဝယ်ယူထားမှုများအတွက် ကွာခြားငွေများအား ပြန်လည်အမ်းငွေထုတ်ပေးရန်လိုအပ်မှုများရှိနေကြောင်း ပြောကြားပါသည်။

Source: https://www.dw.com/en/germany-introduces-9-ticket-to-offset-the-imact-of-the-ukraine-war/a-61788020

သီတာဝင်းငွေး၊ စီးပွားရေးသံမှူး
ဘာလင်

## တရုတ်နိုင်ငံ ကူမင်းမြို့မှတင်ပြသော စီးပွားရေးဆိုင်ရာသတင်းများ

### တရုတ်နိုင်ငံချုံချင်းမှတဆင့် မြန်မာနိုင်ငံသို့ ကုန်စည်ပို့ဆောင်ရေး ချိတ်ဆက်မှု လမ်းကြောင်းအသစ်တစ်ခုကို စတင်လိုက်ပြီဖြစ်

တရုတ်နိုင်ငံအနောက်တောင်ပိုင်းရှိ ချုံချင်းမြို့မှ ကွန်တိန်နာ အလုံး (၆၀) တင်ဆောင်ထားသော ကုန်စည်ပို့ဆောင်ရေးရထား အသစ်တစ်စင်းကို မေလ ၂၃ ရက်က စတင်ပြေးဆွဲခဲ့ပြီး တရုတ်နိုင်ငံမှ ကုန်ပစ္စည်းများကို လမ်းကြောင်းအသစ်မှ မြန်မာနိုင်ငံသို့ ပို့ဆောင်ပေးရန်ဖြစ်ပါသည်။ စက်ပစ္စည်းများ၊ အီလက်ထရွန်နစ် ဆက်စပ်ပစ္စည်းများနှင့် အခြားအရာများပါဝင်သော ကုန်စည်များသည် တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ အနောက်တောင်ဘက် လင်ချန်းမြို့သို့ ဦးစွာရောက်ရှိပြီး ယင်းမှတဆင့် မြန်မာနိုင်ငံမြောက်ဘက် မန္တလေးမြို့သို့ ကုန်းလမ်းဖြင့် ပို့ဆောင်မည်ဖြစ်သည်။

ယင်းသည် new Sino-Burmese route (Chongqing-Lingchang-Myanmar)တရုတ်-မြန်မာလမ်းကြောင်း (ချုံချင်း-လင်ချန်း-မြန်မာ) လမ်းကြောင်းကို ကိုယ်စားပြုသော အပြည်ပြည်ဆိုင်ရာ ကုန်းလမ်း-ပင်လယ်လမ်း ကုန်သွယ်ရေးစင်္ကြံသစ် မူဘောင်New International land Sea Trade Corridor ILSTC Framework အောက်ရှိ ကုန်သွယ်ရေးနှင့် ပို့ဆောင်ရေးလမ်းကြောင်းဖြစ်ကြောင်း ယင်းကို တရုတ်နိုင်ငံ၊ အနောက်ဘက်ဒေသများနှင့် စင်ကာပူနိုင်ငံတို့မှ ပူးတွဲတည်ဆောက်ခြင်းဖြစ်ကြောင်းသိရှိရပါသည်။

အဆိုပါ ချုံချင်း-မန္တလေး ကုန်စည်ပို့ဆောင်ရေးကိုအသုံးပြုခြင်းအားဖြင့် ကုန်စည်ပို့ဆောင်ချိန် ရက်ပေါင်း ၂၀ လျှော့ချနိုင်မည်ဖြစ်ပြီး ပို့ဆောင်နေကျလမ်းကြောင်းနှင့် နှိုင်းယှဉ်ပါက ကုန်ကျစရိတ် ၂၀ ရာခိုင်နှုန်း လျှော့ချနိုင်မည်ဖြစ်ကြောင်း ကုန်စည်များ ၁၅ ရက်အတွင်း မန္တလေးသို့ ရောက်ရှိရန်မျှော်လင့်ထားကြောင်းနှင့် ယင်းမှတဆင့် တောင်အာရှ၊ အရှေ့အလယ်ပိုင်းနှင့် ဥရောပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

ရင်းမြစ် (၁) Chongqing launches new freight link to Myanmar - News - Yunnan Express

(၂) Int'l freight train departs from Chongqing for Myanmar | english.scio.gov.cn

(၃) New int'l land-sea transport service to Indo-China Peninsula launched- Xinhua (news.cn)

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး

ကူမင်း

## တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၏ ၁၀၃၉ ကုဒ်မှတစ်ဆင့် တင်ပို့မှု ယွမ် ၄၅၃ သန်းခန့်ရှိပြီ

တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်း၏ ၂၀၂၂ ခုနှစ် ပထမလေးလအတွင်း ကုန်စည်တင်ပို့မှုသည် ယွမ် ၄၅၃ သန်း (ဒေါ်လာ ၆၆.၇ သန်းခန့်) တန်ဖိုးရှိပြီး ၂၀၂၀ ခုနှစ် စက်တင်ဘာလမှ စတင်ခဲ့သော ဈေးကွက်ဝယ်ယူရေးစနစ်တစ်ခုဖြစ်သည့် ၁၀၃၉ အကောက်ခွန်ကြီးကြပ်မှု ကုဒ်မှတစ်ဆင့် တင်ပို့ခဲ့ကြောင်း ယူနန်ပြည်နယ်၏ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများမှ ဟာ့ဒ်ဝဲ၊ ဖိနပ်နှင့် အခြားထုတ်ကုန်များပါဝင်ပြီး အဆိုပါကုန်စည်များကို ဈေးကွက်ဝယ်ယူရေးကုန်သွယ်မှုဖြင့် အရှေ့တောင်နှင့် တောင်အာရှနိုင်ငံများသို့ တင်ပို့ခဲ့ကြောင်း "တရုတ်-လာအို မီးရထားလမ်း (plus ပလပ်စ်) ၁၀၃၉ ကုဒ်" မှဒ်သည် ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို ဈေးကွက်ရှယ်ယာများ တိုးချဲ့ရန်နှင့် အရောင်းပမာဏတိုးလာစေရန် ကူညီပေးကြောင် ၁၀၃၉ ကုဒ်မှတစ်ဆင့် ယူနန်ပြည်နယ်ပို့ကုန်သည် ယမန်နှစ်တွင် ယွမ် ၄.၈၅ ဘီလီယံအထိရှိခဲ့ပြီး နယ်ပယ်ဒေသပေါင်း ၈၉ ခုသို့ တင်ပို့ခဲ့ကြောင်း ကူမင်းအကောက်ခွန်၏ဖော်ပြချက်အရ သိရှိရပါသည်။

ရင်းမြစ် [Yunnan export via 1039 code reaches 453 million yuan – News – 云桥网英文 (yunnangateway.com)]

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး
ကူမင်း

.....................................................................................

## တရုတ်- ဗီယက်နမ် ရထားမှတဆင့် ကုန်သွယ်မှုသည် ဒေါ်လာ ၇၁ သန်းရှိ

တရုတ်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့၏ ရထားလမ်းမှတစ်ဆင့် နိုင်ငံတကာကုန်သွယ်မှုသည် တစ်နှစ်ထက်တစ်နှစ် ၂၉.၉၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး ယွမ် ၄၈၂ သန်း (ကန်ဒေါ်လာ ၇၁ သန်းခန့်) ရှိပြီး သွင်းကုန်တန်ချိန် ၆၈၁၀၀ နှင့် ပို့ကုန်တန်ချိန် ၁၀၀၀၀၀ ကျော်ရှိကြောင်း ဖော်ပြထားပါသည်။

ကွေ့ကျိုး၊ စစ်ချွမ်၊ ချုံချင်းနှင့် အတွင်းမွန်ဂိုလီးယားတို့မှ ဓာတုပစ္စည်းများနှင့် ထုတ်ကုန်များကို ဗီယက်နမ်၊ ထိုင်းနှင့် အခြားနိုင်ငံများ၏ Belt and Road နိုင်ငံများသို့ တင်ပို့ခဲ့ကြောင်း ကူမင်းအကောက်ခွန်အရ သိရှိရပါသည်။

ရင်းမြစ် [China-Vietnam trains see 71-million-dollar trade – News – Yunnan Express]

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး
ကူမင်း

## တရုတ်နိုင်ငံ(ယူနန်)နှင့် ကမ္ဘောဒီးယား တတ်သိပညာရှင်များ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

ယူနန်လူမှုသိပ္ပံအကယ်ဒမီနှင့် ကမ္ဘောဒီးယားအမျိုးသားသံတမန်ရေးနှင့် နိုင်ငံတကာဆက်ဆံရေးအင်စတီကျူတို့သည် အွန်လိုင်းပူးပေါင်းဆောင်ရွက်မှုအတွက် နားလည်မှုစာချွန်လွှာ (MoU) ကို လက်မှတ်ရေးထိုးခဲ့သည်။

နှစ်ဖက်ပုဂ္ဂိုလ်များဖလှယ်ရေး၊ စာပေဖလှယ်ရေး၊ ပူးတွဲဖိုရမ် သို့မဟုတ် နှီးနှောဖလှယ်ပွဲများနှင့် ပူးတွဲလေ့လာမှုများ ဆောင်ရွက်မည်ဖြစ်ကြောင်း နားလည်မှုစာချွန်လွှာတွင် ဖော်ပြထားသည်။ လက်မှတ်ရေးထိုးသည့် အခမ်းအနားတွင် RCEP အကျိုးသက်ရောက်ပြီးနောက် တရုတ်-ကမ္ဘောဒီးယား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၏ အခွင့်အလမ်းသစ်များနှင့် အင်္ဂါရပ်များနှင့်ပတ်သက်၍ ပညာရှင်များနှင့် ကျွမ်းကျင်သူများ၏ ပညာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲကို ကျင်းပခဲ့ပါသည်။ ဒစ်ဂျစ်တယ်စီးပွားရေးတွင် တရုတ်-ကမ္ဘောဒီးယား ပေါင်းစပ်ညှိနှိုင်းမှုအရ လူမှုဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည့် အလားအလာများအောက်တွင် ပညာရှင်များက ဆွေးနွေးခဲ့ကြသည်။

ရင်းမြစ် Yunnan, Cambodian think tanks sign cooperative MoU – News – Yunnan Express
ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး
ကူမင်း

..........................................................................

## နိုင်ငံခြားကုန်သွယ်မှုမြှင့်တင်ရန် တရုတ်နိုင်ငံ အစွမ်းကုန် ကြိုးပမ်းလျက်ရှိ

ကိုဗစ်-၁၉ ပြန်လည်ရှင်သန်လာမှုနှင့် ပြင်ပကမ္ဘာမှရှုပ်ထွေးမှုများ ထိပ်တိုက်တိုးနေသော်လည်း တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုအတွက် အဓိကအထောက်အပံ့ဖြစ်သည့် နိုင်ငံခြားကုန်သွယ်မှုကို တည်ငြိမ်စေရန်နှင့် အဆင့်မြှင့်တင်ရန် တရုတ်နိုင်ငံတွင် ကြိုးပမ်းမှုများ လုပ်ဆောင်လျက်ရှိကြောင်း နောက်ဆုံးရရှိသော အချက်အလက်များအရ ပို့ကုန်နှင့်သွင်းကုန် စုစုပေါင်း၏ ၀.၁ ရာခိုင်နှုန်းသာတိုးတက်မှုရှိရာ တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှု လုပ်ငန်းများသည် အားနည်းခဲ့သည်ကို ညွှန်ပြနေကြောင်း ဖော်ပြထားပါသည်။

နိုင်ငံခြားကုန်သွယ်မှု လမ်းကြောင်းအတွက် အထောက်အကူဖြစ်စေရန် မေလတတိယ အပတ်တွင် အစိုးရအဖွဲ့မှ ပစ်မှတ်ထား အစီအမံ ၁၃ ခုသတ်မှတ်၍ လမ်းညွှန်ချက်တစ်ရပ် ထုတ်ပြန်ခဲ့ကြောင်း အဓိကနိုင်ငံခြားကုန်သွယ်မှုလုပ်ငန်းများနှင့် ကုန်စည်ပို့ဆောင်မှုတွင် ဝန်ဆောင်မှုများမြှင့်တင်ရန်နှင့် အတားအဆီးမဲ့ကုန်စည်ပို့ဆောင်ရေးများ ဖြစ်စေရန်လိုအပ်ပြီး နိုင်ငံခြားကုန်သွယ်မှုလုပ်ငန်းများအတွက် ငွေကြေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုးကူညီမှုများ တိုးမြှင့်ပေးခြင်းအပြင် နယ်စပ်ဖြတ်ကျော် e-commerce အားကောင်းလာစေရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

**တားဆီးပိတ်ဆို့ခြင်းမပြုသော ထောက်ပံ့ပို့ဆောင်ရေး**

လမ်းညွှန်ချက်အသစ်အရ ပြည်ပကုန်သွယ်မှုတွင် တည်ငြိမ်သောထုတ်လုပ်မှုနှင့် လည်ပတ်နိုင်စေရေးအတွက် အဓိကအစိတ်အပိုင်းများနှင့် ပစ္စည်းကိရိယာများအပါအဝင် ကုန်ပစ္စည်းများပြည်ပကုန်သွယ်မှုတွင် ချောမွေ့စွာပို့ဆောင်နိုင်ရေးကို အထူးသဖြင့် ဦးစားပေးကြောင်း တရုတ်နိုင်ငံ၏ ယခင်လှုပ်ရှားမှုများနှင့်နှိုင်းယှဉ်ပါက ကာလတိုအတွင်း စက်မှုနှင့် ထောက်ပံ့ရေးကွင်းဆက်များကို တည်ငြိမ်စေရန်အတွက် ယခုအကြိမ်တွင် ပိုမိုအလေးပေးဆောင်ရွက်နေကြောင်း လောလောဆယ်တွင် နိုင်ငံခြားကုန်သွယ်မှုအတွက် ထောက်ပံ့ပို့ဆောင်ရေးသည် အရေးကြီးဆုံးဖြစ်ကြောင်း မကြာသေးမီက ကြိုကြား ကြိုကြားဖြစ်သော COVID-19 ဖြစ်ပွားမှုများသည် နိုင်ငံခြားကုန်သွယ်မှုထောက်ပံ့ရေးကွင်းဆက်အပေါ် သက်ရောက်မှုရှိပြီး ထုတ်လုပ်မှုထိရောက်မှုနှင့် အမြတ်အစွန်းကို ကန့်သတ်ကြောင်းဟု နိုင်ငံတကာကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ Academy of China Council မှ သုတေသီတစ်ဦးက ပြောကြားခဲ့သည်။

စိန်ခေါ်မှုများကိုဖြေရှင်းရန်အတွက် နိုင်ငံတစ်ဝှမ်းရှိ အကောက်ခွန်များသည် လုပ်ထုံးလုပ်နည်းများချောမွေ့စေရန်နှင့် အမြန်လမ်း ကုန်စည်ရှင်းလင်းရေးအတွက် နယ်မြေအလိုက် အစီအမံများ အံဝင်ခွင်ကျဆောင်ရွက်ကြရန်ဖြစ်ကြောင်း ဥပမာအားဖြင့်၊ တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုန်း Guangdong ၏ Huangpu အကောက်ခွန်ခရိုင်တွင် လယ်ယာထွက်ကုန်များနှင့် လတ်ဆတ်သောအစားအစာများကို ပိုမိုမြန်ဆန်စွာ ဝင်ရောက်ခွင့်နှင့် စစ်ဆေးခြင်းတို့ကို အစိမ်းရောင်လမ်းကြောင်းဖြင့် ဆောင်ရွက်စေပြီး အုပ်ချုပ်ရေးဆိုင်ရာ ကန့်သတ်ချက်များအားလုံးကို ပယ်ဖျက်ခဲ့ကြောင်း ထိုသို့သောပံ့ပိုးကူညီမှုကြောင့် ကွမ်တုန်းလယ်ယာများမှ လတ်ဆတ်သော ဟင်းသီးဟင်းရွက်တစ်ထုပ်အတွက် ဟောင်ကောင်အစားအစာဈေးကွက်သို့ ရောက်ရှိရန် ၁၆ နာရီသာ ကြာသည်ဟု Huangpu

အကောက်ခွန် အရာရှိတစ်ဦးက ပြောကြားခဲ့ပါကြောင်း ပင်လယ်ရေကြောင်း ကုန်စည်ပို့ဆောင်မှု အတွက် တရုတ်နိုင်ငံ၊ အရှေ့ဘက် Huzhou သည် ကုန်စည်တင်သွင်းသူများ ဆိပ်ကမ်းမဝင်မီ ကြို တင်ဆိုက်ရောက် ကြေငြာခြင်းမော်ဒယ်ကို စတင်စေခဲ့ရာ လိုင်စင်အတည်ပြုခြင်းနှင့် အခွန်ပေး ဆောင်ခြင်းတို့ကို ကုန်စည်မရောက်ရှိမီဆောင်ရွက်နိုင်ရာ ဂိတ်(သို့မဟုတ်) ဆိပ်ကမ်းတစ်ခုတွင် စောင့်ဆိုင်းမှုကို မိနစ် ၂၀ ထက် နည်းစေပါကြောင်း သိရှိရပါသည်။

## လတ်ဆတ်သော တွန်းအား

ထောက်ပံ့ပို့ဆောင်ရေးအတွက် နည်းနာများ ကမ်းလှမ်းနေစဉ် လမ်းညွှန်ချက်အသစ်သည် နိုင်ငံခြားကုန်သွယ်မှုအတွက် တိုးတက်မှုတွန်းအားအသစ်များကို မြှင့်တင်ပေးပါကြောင်း နယ်စပ်ဖြတ်ကျော် အီလက်ထရွန်နစ် ကူးသန်းရောင်းဝယ်ရေးကို ရွေးချယ်ဖော်ပြခြင်းဖြင့် လမ်းညွှန်ချက်သည် ဤနယ်ပယ်ရှိ အရည်အချင်းပြည့်မီသော ကုမ္ပဏီများအား "အဆင့်မြင့်နည်းပညာ သို့မဟုတ် နည်းပညာသစ်လုပ်ငန်းများ" အဖြစ် လိုင်စင်ထုတ်ပေးခြင်းကို အားပေးကြောင်း ဆန်းသစ်တီထွင်မှုသည် စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန်နှင့် အောင်မြင်မှုများရရှိရန် နိုင်ငံခြားကုန်သွယ်မှု ကုမ္ပဏီများအတွက် တစ်ခုတည်းသော ရွေးချယ်မှုဖြစ်ပြီး နယ်စပ်ဖြတ်ကျော် e-commerce သည် နိုင်ငံခြားကုန်သွယ်မှု၏ ဆန်းသစ်တီထွင်မှုဖြင့် ဖွံ့ဖြိုးတိုးတက်မှုကို စံနမူနာပြုကြောင်း တရုတ်နိုင်ငံသည် အဆင့်မြင့်နည်းပညာကဏ္ဍများအတွက် ကူညီအားပေးသကဲ့သို့ နယ်စပ်ဖြတ်ကျော် e-commerce အတွက် အဆင့်မြင့်နည်းပညာဆိုင်ရာ တူညီသောမူဝါဒကို ပံ့ပိုးပေးမှသာ ဆန်းသစ်တီထွင်မှု အခြေခံသော တိုးတက်မှုကို ရရှိမည်ဖြစ်၍ အကူအညီပေးရန် လိုအပ်ကြောင်း Zhao မှ ပြောကြားခဲ့ပါသည်။

တရုတ်နိုင်ငံတွင် အခွန်ဆောင်မည့် ပစ္စည်းများ ယာယီသိုလှောင်သည့် အဆောက်အဦး (သို့မဟုတ်) နေရာ bonded areas များတွင် နိုင်ငံခြားကုန်သွယ်မှုနှင့် ဆက်နွှယ်သည့် လုပ်ငန်းများကို ပြုစုပျိုးထောင်ရန် Zhao က အကြံပေးခဲ့ပြီး၊ ယင်းသို့ဆောင်ရွက်နိုင်ခြင်းသည် ကုန်စည်ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုကုန်သွယ်မှု ပေါင်းစပ်မှု integration တစ်ခုဖြစ်ကြောင်း Zhao က ပြောကြားခဲ့ပါသည်။ ကမ္ဘာတစ်ဝှမ်းတွင် အခွင့်အလမ်းရှာဖွေနေသော နိုင်ငံခြားကုန်သွယ်မှုကုမ္ပဏီများအတွက် လမ်းညွှန်ချက်အသေးစိတ်အချက်များ အစီအမံများက အသေးစားနှင့် အငယ်စား ပို့ကုန်လုပ်ငန်းရှင်များ၏ ပို့ကုန်ဈေးငွေအာမခံ၏ အကျုံးဝင်မှုကို ချဲ့ထွင်ရန် ဘဏ္ဍာရေးအဖွဲ့အစည်းများအား တောင်းဆိုပြီး ဘေးအန္တရာယ်များမှ ပိုမိုကောင်းမွန်စွာကာကွယ်ရန်ဖြစ်ပါကြောင်း ကူးသန်းရောင်းဝယ်ရေး

ဝန်ကြီးဌာန လက်အောက်ရှိ တရုတ်နိုင်ငံတကာကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး အကယ်ဒမီမှ သုတေသီ Bai Ming က ယင်းအာမခံသည် ပြည်ပဈေးကွက်သို့ ရွက်လွှင့်နေသော လုပ်ငန်းများအတွက် အစောင့်အကြပ်နှင့် နှိုင်းယှဉ်ခဲ့သည်။ အသေးစားနှင့် အငယ်စား နိုင်ငံခြားကုန်သွယ်မှုလုပ်ငန်းများအတွက် အာမခံကုန်ကျစရိတ်တွေကို လျှော့ချရန်နှင့် တောင်းဆိုမှု ဖြေရှင်းခြင်းအတွက် ဝန်ဆောင်မှုတွေကို မြှင့်တင်ဖို့ ပစ်မှတ်ထားကြိုးပမ်းမှုတွေ လိုအပ်ကြောင်း Bai က ပြောကြားခဲ့သည်။ ဈေးကွက်ယုံကြည်ချက်မြှင့်တင်ရေး ကြိုးပမ်းမှုတွင် ငွေရေးကြေးရေးအဖွဲ့အစည်းများက နိုင်ငံခြားကုန်သွယ်မှုလုပ်ငန်းများ၏ အရင်းအနှီးရရှိရေးကိုလည်း ကျယ်ပြန့်လာစေကြောင်း အဓိကအချက်မှာ တရုတ်နိုင်ငံ၏ ပို့ကုန်-သွင်းကုန်ဘဏ်သည် မကြာသေးမီက နိုင်ငံခြားကုန်သွယ်မှုကို မြှင့်တင်ရန် ရည်ရွယ်၍ ငွေချေးစာချုပ်များ ထုတ်ပေးသည့် မူဝါဒဘဏ်ဖြစ်လာကြောင်း ယွမ် ၃ ဘီလီယံ (အမေရိကန် ဒေါ်လာ ၄၄၅ သန်းခန့်) တန်ကြေးရှိပြီး တစ်နှစ်တာ ကြာမြင့်ချိန်နှင့်အတူ အဆိုပါ ငွေချေးစာချုပ်များသည် နိုင်ငံခြားကုန်သွယ်မှု ကဏ္ဍများအတွက် ရန်ပုံငွေ စုဆောင်းနိုင်မည်ဖြစ်ကြောင်း ဘဏ်မှ ပြောကြားချက်အရ သိရှိရပါသည်။

ရင်းမြစ် China makes all-out efforts to prop up foreign trade - News - 云桥网英文 (yunnangateway.com)

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး

ကူမင်း

............................................................................

## တရုတ်နိုင်ငံ၏ စီးပွားရေးတည်ငြိမ်စေရန် ချေးငွေပိုမိုပံ့ပိုးပေးမည်ဟု ကတိပြုထား

တရုတ်အစိုးရအာဏာပိုင်များသည် အဓိကစီးပွားရေးလုပ်ငန်းများနှင့် နယ်ပယ်များအတွက် ငွေကြေးပံ့ပိုးမှုကို အကြွေးထုတ်ပေးခြင်းနှင့် ထုတ်ပေးမှုတိုးမြှင့်ခြင်းပြုရန် ကတိပြုထားကြောင်း အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၊ အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှု၊ သိပ္ပံနှင့်နည်းပညာဆန်းသစ်တီထွင်မှု၊ စွမ်းအင်ထောက်ပံ့မှု၊ ရေထိန်းသိမ်းမှုနှင့် အခြေခံအဆောက်အအုံများ စသည်တို့အတွက် ခိုင်မာသည့်ဘဏ္ဍာရေးအထောက်အပံ့များ ပေးအပ်သွားမည်ဖြစ်ကြောင်း တရုတ်ပြည်သူ့ဘဏ် PBOC ၊ တရုတ်ဘဏ်လုပ်ငန်းနှင့် အာမခံစည်းမျဉ်းကော်မရှင်တို့မှ ပူးတွဲကျင်းပသည့် အစည်းအဝေးအရ သိရှိရပါသည်။

ပြည်တွင်းပြည်ပတွင် မမျှော်လင့်ထားသော အကြောင်းရင်းများကြောင့် စီးပွားရေးအပေါ် အောက်ဆင်းဖိအားများ ဆက်လက်တိုးလာခြင်းကြောင့် ဘဏ္ဍာရေးစနစ်အား မူဝါဒဆိုင်ရာ ကိရိယာများနှင့် အပြည့်အဝကိုင်စွဲရန်နှင့် ချေးငွေကို တိုးချဲ့ခြင်းဖြင့် အရည်အသွေးမြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပံ့ပိုးပေးရန် အစည်းအဝေးမှ တောင်းဆို ထားပါသည်။

အိမ်ခြံမြေချေးငွေ၏ တည်ငြိမ်သောတိုးတက်မှုကို မြှင့်တင်ရန် အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၊ တစ်ဦးချင်းစီးပွားရေးလုပ်ငန်းများနှင့် ထရပ်ကားမောင်းသူများ ထံသို့ ချေးငွေများပြန်ဆပ်ခြင်းကို ရွှေ့ဆိုင်းခြင်းနှင့် ကပ်ရောဂါဒဏ်ကို ပြင်းပြင်းထန်ထန် ခံစားခဲ့ရသောအိမ်ရာနှင့် အခြားချေးငွေများ အတွက်ပေးချေမှုအတွက် ပြန်ဆပ်ခြင်းကို ရွှေ့ဆိုင်းခြင်းကို ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း အစည်းအဝေးအရ သိရှိရပါသည်။

လုပ်ငန်းငယ်များအတွက် သီးသန့် ချေးငွေခွဲတမ်းနှစ်ဆချေးပေးရန် ပြည်တွင်း ငွေရေးကြေးရေးအဖွဲ့အစည်းများမှ ချေးငွေပိုမိုထုတ်ပေးရန် လမ်းညွှန်ချက်ထုတ်ပြန်ရန်နှင့် ခရက်ဒစ် ပံ့ပိုးကူညီမှု မြှင့်တင်ရန် မူဝါဒအသစ်များချမှတ်ရန် တရုတ်ပြည်သူ့ဘဏ်မှ တောင်းဆိုထားပါသည်။

ရင်းမြစ် China pledges greater credit support to stabilize economy

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး

ကူမင်း

…………………………………………………………………………………………………

**စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**စီမံကိန်းဦးစီးဌာန**

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၂၂ / ၂၀၂၂)　　　　　　　　　　၂၀၂၂ ခုနှစ်၊ ဇွန်လ(၉) ရက်

| ၉-၆-၂၀၂၂ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၁၈၅၀.၀ |
| ယူရို | ၁၉၈၂.၈ |
| စင်္ကာပူဒေါ်လာ | ၁၃၄၅.၂ |
| စတာလင်ပေါင် | ၂၃၁၆.၁ |
| ဂျပန်ယန်း (၁၀၀) | ၁၃၈၄.၉ |
| တရုတ်ယွမ် | ၂၇၇.၃၃ |
| ဟောင်ကောင် ဒေါ်လာ | ၂၃၅.၇၂ |
| အိန္ဒိယရူပီး | ၂၃.၇၈၆ |
| ကိုရီးယားဝမ် (၁၀၀) | ၁၄၇.၄၂ |
| မလေးရှား ရင်းဂစ် | ၄၂၁.၀၈ |
| ဖိလစ်ပိုင်ပီဆို | ၃၄.၉၅၂ |
| ထိုင်းဘတ် | ၅၃.၆၄၇ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၇.၉၈၇၉ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**
- **အထွေထွေသတင်းများ**

➢ EEC အထူးစီးပွားရေးဇုန် စီးပွားရေးလုပ်ငန်းအခွင့်အလမ်းများ ဆွေးနွေးပွဲ ကျင်းပ (ဂျာမနီနိုင်ငံ)

➢ အီးယူဒေသ လောင်စာစွမ်းအင်ဈေးနှုန်းများနှင့် ထုတ်လုပ်တင်သွင်းမှု (ဂျာမနီနိုင်ငံ)

# EEC အထူးစီးပွားရေးဇုန် စီးပွားရေးလုပ်ငန်းအခွင့်အလမ်းများ ဆွေးနွေးပွဲကျင်းပ (ဂျာမနီနိုင်ငံ)

ထိုင်းနိုင်ငံအရှေ့ဘက်စီးပွားရေးစင်္ကြန်ဒေသ(Eastern Economic Corridor–EEC) အထူးစီးပွားရေးဇုန်အတွင်းရှိ စီးပွားရေးလုပ်ငန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများ ရှင်းလင်းဆွေးနွေးပွဲ “Thailand meets Germany: Forging Stronger Business Partner–ship” ကို ဂျာမနီနိုင်ငံရှိ ထိုင်းနိုင်ငံသံရုံး၊ ထိုင်းနိုင်ငံ EEC ရုံးအဖွဲ့၊ German Global Trade Forum၊ ဂျာမန် အာရှ–ပစိဖိတ် စီးပွားရေးလုပ်ငန်းရှင်များအသင်း(OAV)၊ ဂျာမန်–ထိုင်း ကုန်သည်ကြီးများအသင်းနှင့် Diplomatic Magazine တို့ပူးပေါင်း၍ ၃၀.၅.၂၀၂၂ ရက်နေ့တွင် ဘာလင်မြို့ရှိ Capital Club Berlin တွင် ကျင်းပခဲ့ရာ မြန်မာသံအမတ်ကြီးနှင့် စီးပွားရေးသံမှူးတို့ တက်ရောက်ခဲ့ပါသည်။

ဆွေးနွေးပွဲတွင် ဂျာမနီနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး၊ Federal Foreign Office၊ ဂျာမန်–ထိုင်းကုန်သည်ကြီးများအသင်းတို့မှ ကိုယ်စားလှယ်များက အဖွင့်အမှာစကားပြောကြားကြပါသည်။ Federal Foreign Office မှ Dr. Jan Freigang, Head of Southeast Asia/ASEAN division က ဂျာမန်ကုမ္ပဏီ (၆၀၀)ခန့် ထိုင်းနိုင်ငံတွင် သွားရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေပြီး၊ နှစ်နိုင်ငံတက္ကသိုလ် (၂၃၀)ကျော် အကြား သင်တန်းအစီအစဉ်များ ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှုများရှိကြောင်း၊ ဂျာမနီနိုင်ငံအနေဖြင့် ထိုင်းနိုင်ငံနှင့် Climate Change၊ Connectivity for Sustainable infrastructure၊ Free Trade Agreement(EU–Thailand FTA/ EU–ASEAN FTA) ချုပ်ဆိုနိုင်ရေးတို့တွင် ပံ့ပိုးပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားပါသည်။

ဆက်လက်၍ EEC ရုံးအဖွဲ့၏ အထွေထွေအတွင်းရေးမှူးဖြစ်သူ Dr.Kanit Sangsubhan က EEC အထူးစီးပွားရေးဇုန်အတွင်း ဆောင်ရွက်နေသည့်လုပ်ငန်းများအကြောင်းကို အကျဉ်းချုပ်ရှင်းလင်း ဆွေးနွေးပါသည်။ EEC တွင် နည်းပညာများတိုးတက်ထုတ်လုပ်နိုင်ကာ လူနေမှုအဆင့်အတန်းများမြင့်မားတိုးတက်လာရန်ရည်ရွယ်ကြောင်း၊ Electric Vehicle များ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံ ကုမ္ပဏီများသာမက ဂျာမန်ကုမ္ပဏီများနှင့်လည်း ဆွေးနွေးရန်ရှိကြောင်း၊ Green Energy တိုးမြှင့်ထုတ်လုပ်နိုင်ရေးကို လာမည့် ၅ နှစ်အတွင်း ၃၀ ရာခိုင်နှုန်းတိုးမြှင့်သွားရန်ရှိပြီး Climate Change နှင့် ပတ်သက်၍ Environmental sustainability ဆိုင်ရာဖြေရှင်းဆောင်ရွက်ရန်များရှိနေကြောင်း၊ ဂျာမနီ အပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အများအပြားကိုဖိတ်ခေါ်နေပြီး EEC မှတဆင့် အရှေ့တောင်အာရှဈေးကွက်ကို ရောက်ရှိစေနိုင်မည်ဖြစ်ကြောင်း၊ EEC အတွက် ပထမ ၄ နှစ်တွင် ယူရို(၄၇) ဘီလီယံသုံးစွဲရန် အတည်ပြုချက်ရရှိထားပြီး ဘန်ကောက်လေ

ဆိပ်နှင့် EEC အတွင်းရှိ U-Tapao International Airport တို့အကြား ဆက်သွယ်မည့် မြန်နှုန်းမြင့် ရထားလမ်းများအပါအဝင် Investment Project များပါဝင်ကြောင်း၊ EEC တွင် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများအနေဖြင့် Robotics၊ Digitalization၊ Logistics modernization၊ Biofuel and Biochemical ၊ Health and wellbeing၊ Smart mobility၊ EEC Business Center နှင့် Livable Smart City ဆိုင်ရာရင်းနှီးမြှုပ်နှံမှုများကို ဆောင်ရွက်နိုင်ကြောင်း စသည်ဖြင့် ရှင်းလင်းဆွေးနွေးပါသည်။

ဆက်လက်၍ Forging Thai-German Business Partnership ခေါင်းစဉ်ဖြင့် Panel discussion ကို ပြုလုပ်ရာ ၊ ဂျာမန်-ထိုင်းကုန်သည်ကြီးများအသင်း၊ BMW ကုမ္ပဏီ၊ Fraunhofer IPK Berlin၊ Deutsche Bahn DB Group၊ Leipzig Airport and Messe Friedrichshafen GmbH တို့မှ ကိုယ်စားလှယ်များက ပါဝင်ဆွေးနွေးကြပြီး EEC Special Advisor ဖြစ်သူ ယခင် ဂျာမနီနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီး Mrs.Nongnuth Phetcharatana က Moderator အဖြစ် ဆောင်ရွက်ပါသည်။ BMW ကုမ္ပဏီမှ အထွေထွေမန်နေဂျာက လက်ရှိထိုင်းနိုင်ငံတွင် ကားပစ္စည်းအစိတ်အပိုင်းများ၊ မော်တော်ဆိုင်ကယ်များ ထုတ်လုပ်တင်ပို့နေပြီး မော်တော်ဆိုင်ကယ်ကို ဖိလစ်ပိုင်၊ မလေးရှားနှင့် အိန္ဒိယသို့တင်ပို့နေကြောင်း၊ ပညာရေးနှင့် သင်တန်းအစီအစဉ်များ ပူးပေါင်းဆောင်ရွက်မှုရှိကြောင်း၊ ထိုင်းနိုင်ငံတွင်လုပ်ကိုင်၍ လေ့လာသင်ယူရခြင်းများလည်းရှိပြီး ထိုင်းနိုင်ငံအစိုးရနှင့် ပူးပေါင်းဆောင်ရွက်မှုဖြင့် ပို့ကုန်ပိုင်းတွင် ၂၀၁၆ ခုနှစ်၌ ထိုင်းနိုင်ငံမှ တရုတ်နိုင်ငံသို့ ကားအစီးရေ (၈၀၀၀)မှ(၂၀၀၀၀)ခန့်အထိ တိုးမြှင့်တင်ပို့နိုင်ခြင်းရှိခဲ့ကြောင်း၊ မိမိတို့ဘက်မှ ထိုင်းနိုင်ငံရှိ Supplier များအား ပံ့ပိုးကူညီပေးခဲ့ခြင်းများရှိကြောင်း၊ Deutsche Bahn DB Group က ဂျာမန် ရထားလိုင်း DB အနေနှင့် Global Railway ပုံစံကို ဦးတည်ဆောင်ရွက်နေပြီး ဂျာမန် ရထားလိုင်းနှင့် ထိုင်းရထားလိုင်းတို့အကြားပူးပေါင်းဆောင်ရွက်ခြင်းရှိကြောင်း၊ EEC သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကောင်းမွန်ပြီး ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားကြောင်း၊ Logistics နှင့် Connectivity ပိုင်းတို့တွင် ပူးပေါင်းဆောင်ရွက်ရန်ရှိကြောင်း၊ Fraunhofer IPK Berlinက စီးပွားရေး လုပ်ငန်းများအနေဖြင့် နည်းပညာလွှဲပြောင်းမှုတစ်ခုတည်း မဟုတ်ဘဲ လူ့စွမ်းအားအရင်းအမြစ်များ တိုးမြှင့်ရေးကိုလည်းဆောင်ရွက်ရန်ဖြစ်ပြီး Fraunhofer အနေဖြင့် Industrial research ပိုင်းနှင့် EEC တွင် Innovation center နှင့် smart city တည်ဆောက်ရေးလိုအပ်ချက်များ သုတေသန ပြုလုပ်ရေးအပိုင်းကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ Leipzig Airport and Messe Friedrichshafen GmbH က U-Tapao International Airport ကို Cargo Hub အဖြစ် အဓိကအသုံးပြုမည်ဖြစ်ပြီး Cargo infrastructure နှင့် cargo business များ

ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ရည်ရွယ်ဆောင်ရွက်နေကြောင်း၊ cargo airport ပိုင်း ပူးပေါင်းဆောင်ရွက်မှုများကို တရုတ် (Zhengzhou)၊ ထိုင်းနိုင်ငံ (U–Tapao)တို့နှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ air freight ပိုင်း ပူးပေါင်းမှုများလည်း ရှေ့ဆက်ဆောင်ရွက်ရန်ရှိကြောင်း ရှင်းလင်းဆွေးနွေးပါသည်။

ဆွေးနွေးပွဲသည် EEC တွင် ဆောင်ရွက်မည့်စီမံကိန်းလုပ်ငန်းများ တိုးတက်ဖြစ်ပေါ်မှုများနှင့် Smart Mobility၊ Multimodal Logistics၊ Digitalization၊ R&D နှင့် Human Resource Development စသည့်ကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို ရှင်းလင်းတင်ပြပြီး ဂျာမနီနိုင်ငံဘက်မှ ရင်းနှီးမြှုပ်နှံမှုများ ထပ်မံဝင်ရောက်လာရေးအတွက် EEC ၏ တိုးတက်အောင်မြင်မှုများ၊ လက်ရှိပါဝင်ဆောင်ရွက်လျက်ရှိသော ဂျာမန်စီးပွားရေးလုပ်ငန်းရှင်များ၏ အတွေ့အကြုံများကို ရှင်းလင်းပြောကြားခြင်း၊ Stakeholders များအကြား ချိတ်ဆက်မှု၊ ဖလှယ်မှုပြုလုပ်၍ ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ရန် ဦးတည် ဆွေးနွေးကြပါသည်။

သီတာဝင်းငြေး၊ စီးပွားရေးသံမှူး
ဘာလင်

......................................................................

## အီးယူဒေသ လောင်စာစွမ်းအင်ဈေးနှုန်းများနှင့် ထုတ်လုပ်တင်သွင်းမှု

အီးယူဒေသတွင် လောင်စာစွမ်းအင်အတွက် သုံးပုံတစ်ပုံခန့်ကို ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်နှင့် ညူကလီယားတို့မှထုတ်လုပ်ရရှိနိုင်ပြီး ကျောက်မီးသွေး(Hard coal)၊ Lignite (Brown Coal)၊ သဘာဝဓါတ်ငွေ့နှင့် ရေနံတို့ကိုလည်း ဒေသတွင်းထုတ်လုပ်ရရှိနိုင်ပါသည်။ လောင်စာစွမ်းအင်လိုအပ်ချက်၏ ၆၀ ရာခိုင်နှုန်းကို တင်သွင်းလျက်ရှိရာ ရေနံနှင့် သဘာဝဓါတ်ငွေ့သည် တင်သွင်းမှု၏ ၁၅ ရာခိုင်နှုန်းခန့်ရှိပါသည်။ ၂၀၂၀ ခုနှစ်တွင် ရေနံထွက်ပစ္စည်း သုံးပုံနှစ်ပုံကျော်၊ ဂက်စ် လေးပုံတစ်ပုံနှင့် ကျောက်မီးသွေး(၅ ရာခိုင်နှုန်းအောက်)တို့ကို ရုရှားနိုင်ငံမှအများဆုံးတင်သွင်းခဲ့ပြီး နော်ဝေနိုင်ငံမှသဘာဝဓါတ်ငွေ့နှင့် အမေရိကန်နိုင်ငံမှ ရေနံစိမ်းတို့ကို တင်သွင်းမှုရှိခဲ့ပါသည်။

ဂျာမနီနိုင်ငံတွင် Federal Institute for Geosciences and Natural Resources (BGR) ၏ ထုတ်ပြန်ချက်အရ ၂၀၂၀ ခုနှစ်၌ အဓိကတွင်းထွက်လောင်စာလိုအပ်ချက်၏ ၉၈ ရာခိုင်နှုန်းကိုတင်သွင်းရန်လိုအပ်ခဲ့ပြီး နိုင်ငံတွင်းရှိ ရေနံတွင်း(၄၉) ခုမှ ရေနံစိမ်းတန်ချိန်(၁.၉) သန်းကို ထုတ်လုပ်နိုင်ခဲ့

သည်။ ၂၀၂၁ ခုနှစ်၌ လောင်စာစွမ်းအင်လိုအပ်ချက်၏ ၃၁.၈ ရာခိုင်နှုန်းကို ထုတ်လုပ်နိုင်ခဲ့ပြီး ရေနံစိမ်းတန်ချိန်(၈၁) သန်းကို တင်သွင်းခဲ့သည်။ ရုရှားနိုင်ငံသည် အများဆုံး တင်သွင်းသည့်နိုင်ငံ ဖြစ်ပြီး အမေရိကန်၊ ကာဇက်စတန်၊နော်ဝေတို့အပါအဝင် နိုင်ငံပေါင်း(၃၀) တို့မှ ရေနံစိမ်းတင်သွင်းမှု ပြုခဲ့သည်။ ဓါတ်ငွေ့သည် ဂျာမနီနိုင်ငံ၏ဒုတိယအရေးပါသောစွမ်းအင် တစ်ခုဖြစ်ပြီး ၂၀၂၁ ခုနှစ်တွင် လိုအပ်ချက်၏ လေးပုံတစ်ပုံကို ထုတ်လုပ်နိုင်ခဲ့သည်။ ယခုအခါ ပြည်တွင်းဓါတ်ငွေ့လိုအပ်ချက် အတွက် liquefied natural gas (LNG) Terminal နှစ်ခုကို တည်ဆောက်လျှက်ရှိသည်။ ဂျာမနီနိုင်ငံ သည် Lignite သို့မဟုတ် Brown coal ထုတ်လုပ်မှုကို နိုင်ငံတွင်းရှိ Opencast mines များမှ ထုတ် လုပ်ပြီး ၂၀၂၀ ခုနှစ်တွင် တန်ချိန်(၁၀၇.၄)သန်း ထုတ်လုပ်နိုင်ခဲ့သည်။ Lignite ထုတ်လုပ်မှုသည် ၂၀၂၁ ခုနှစ်တွင် အဓိကလောင်စာစွမ်းအင် လိုအပ်ချက်၏ ၉ ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးနိုင်ခဲ့ သည်။

အီးယူဒေသတွင် EU Energy Platform ကို ပံ့ပိုးကူညီပေးရန်နှင့် လောင်စာဆီရရှိနိုင်ရေး စီမံခန့်ခွဲနိုင်ရေးတို့အတွက် ဥရောပကော်မရှင်က Energy Platform Task Force ကို ဖွဲ့စည်း၍ ဇွန်လ(၁)ရက်မှ စတင်ကာလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်သည်။ Task Force အနေနှင့် ဝယ်လိုအားအခြေအနေ၊ လောင်စာဆီရရှိနိုင်မှုအပေါ် ပေါင်းစပ်ညှိနှိုင်းပေးမှု၊ အဖွဲ့ဝင်နိုင်ငံများ အတွက်လိုအပ်သည်များပံ့ပိုးကူညီပေးပြီး နိုင်ငံတစ်ကာမိတ်ဘက်များနှင့်ဆွေးနွေးညှိနှိုင်းမှု တို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ Task Force ကို ဥရောပစွမ်းအင်ကော်မရှင်နာ Ms.Kadri **Simson** က ကြီးကြပ်ကွပ်ကဲ၍ ညွှန်ကြားရေးမှူးတစ်ဦးက တာဝန်ယူဆောင်ရွက်၍ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့ကို အစီရင်ခံတင်ပြသွားမည်ဖြစ်သည်။ Ms.Kadri **Simson** သည် ဇွန်လ ပထမပတ်အတွင်းက အိုင်ယာလန်နိုင်ငံသို့ သွားရောက်၍ စွမ်းအင်ကဏ္ဍသက်ဆိုင်ရာများနှင့် တွေ့ဆုံဆွေးနွေးမှုပြုလုပ်ခဲ့ပါသည်။

Sources: https://energy.ec.europa.eu/data-and-analysis/weekly-oil-bulletin_en

https://www.fuel-prices.eu/Belgium/

https://www.cleanenergywire.org/factsheets/germanys-dependence-imported-fossil-fuels#

သီတာဝင်းငွေ၊ စီးပွားရေးသံမှူး

ဘာလင်

……………………………………………………………………………………………..

# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၂၃ / ၂၀၂၂) ၂၀၂၂ ခုနှစ်၊ ဇွန်လ(၁၆) ရက်

| ၁၆-၆-၂၀၂၂ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၁၈၅၀.၀ |
| ယူရို | ၁၉၂၇.၀ |
| စင်္ကာပူဒေါ်လာ | ၁၃၃၁.၆ |
| စတာလင်ပေါင် | ၂၂၄၅.၃ |
| ဂျပန်ယန်း (၁၀၀) | ၁၃၉၂.၈ |
| တရုတ်ယွမ် | ၂၇၅.၅၃ |
| ဟောင်ကောင် ဒေါ်လာ | ၂၃၅.၆၇ |
| အိန္ဒိယရူပီး | ၂၃.၇၀၆ |
| ကိုရီးယားဝမ် (၁၀၀) | ၁၄၂.၈၄ |
| မလေးရှား ရင်းဂစ် | ၄၂၀.၂၂ |
| ဖိလစ်ပိုင်ပီဆို | ၃၄.၅၅၀ |
| ထိုင်းဘတ် | ၅၂.၇၁၄ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၇.၉၆၁၄ |


**လယ်ယာစီးပွားနှင့်**
**ကုန်သွယ်မှုဌာနခွဲ၊**
**စီမံကိန်းဦးစီးဌာန**
**ရုံးအမှတ် (၁၅)**
**ဖုန်း-၀၆၇-၃၄၁၀၆၈၄**
**Email-**
**misdop.moali@gmail.com**


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ မြန်မာကောင်စစ်ဝန်ချုပ်နှင့်အဖွဲ့ တရုတ်နိုင်ငံ၊ နောင်တောင်း ကျွဲ-နွား ထွက်ကုန်ထုတ်လုပ်ရေးနှင့် နယ်စပ်ဒေသ ကျွဲ-နွားတင်သွင်းထုတ်လုပ်မှုအား စက်ရုံတွင် သွားရောက်လေ့လာခဲ့ခြင်း

## မြန်မာကောင်စစ်ဝန်ချုပ်နှင့်အဖွဲ့ တရုတ်နိုင်ငံ၊ နောင်တောင်း ကျွဲ-နွားထွက်ကုန် ထုတ်လုပ်ရေးနှင့် နယ်စပ်ဒေသ ကျွဲ-နွားတင်သွင်းထုတ်လုပ်မှုအား စက်ရုံတွင် သွားရောက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တဲဟုန်ပြည်သူ့အစိုးရမှဖိတ်ကြားချက်အရ မြန်မာကောင်စစ်ဝန်ချုပ် (ကူမင်း) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၏(၇-၆-၂၂)ရက်နေ့မှ (၉-၆-၂၂) ရက်နေ့အထိသွား ရောက်ခဲ့သော ရွှေလီခရီးစဉ်တွင်ပါဝင်သော လေ့လာမှုတစ်ခုဖြစ်သည့် တရုတ်နိုင်ငံ၊ တဲဟုန်ပြည် နယ်ခွဲ၊ နောင်တောင်းတွင်တည်ရှိသော ကျွဲ-နွားထွက်ကုန်ထုတ်လုပ်ရေး စက်ရုံလေ့လာရေး ခရီးစဉ် အား အစီရင်ခံတင်ပြခြင်းဖြစ်ပါသည်။

အစီအစဉ်အရ (၈-၆-၂၂) ရက်နေ့တွင် ရွှေလီမြို့မှ ထွက်ခွာလာသော မြန်မာကိုယ်စားလှယ် အဖွဲ့သည် တရုတ်နိုင်ငံ၊ တဲဟုန်ခရိုင်မှ တာဝန်ရှိသူများအတူလိုက်ပါလျှက် ကျွဲ-နွား ထွက်ကုန်ထုတ် လုပ်ရေးစက်ရုံသို့ ညနေ(၁၆ :၀၀)ခန့်တွင်ရောက်ရှိပါသည်။

ကမ္ဘာလုံးဆိုင်ရာကုမ္ပဏီ တစ်ခုဖြစ်သော Dakang သည် ၁၉၉၇ ခုနှစ်မှ စတင်၍ အစားအ သောက်နှင့် လယ်ယာစိုက်ပျိုးရေးဆိုင်ရာပစ္စည်းများထုတ်လုပ်သည့် ကုမ္ပဏီ တစ်ခုဖြစ်ကြောင်း ယင်းသည် ကမ္ဘာလုံးဆိုင်ရာ အရည်အသွေးမြင့် စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာအရင်းအမြစ်များကို ပေါင်းစပ်ပြီး တန်ဖိုးကွင်းဆက်မြင့်တင်မှုကို ၎င်း၏ ဗျူဟာမြောက်ရပ်တည်ချက်နှင့်အတူ တရုတ်နိုင် ငံ၏ Belt and Road Initiative နှင့် "ကမ္ဘာသို့သွားမည့် မဟာဗျူဟာ Going Global" ကို တက်ကြွ စွာတုံ့ပြန်ခဲ့ပြီး ၎င်း၏ နိုင်ငံတကာဖြစ်ရေး မဟာဗျူဟာ internationalization strategy ကို အကောင်အထည်ဖော်လျှက်ရှိပါကြောင်း ကမ္ဘာလုံးဆိုင်ရာ အထူးကောင်းမွန်သောစိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာ အရင်းအမြစ်များကို ဖြန့်ဖြူးခြင်းနှင့် ပေါင်းစပ်ဆောင်ရွက်ခြင်းကို တရုတ်နိုင်ငံရှိ စားသုံးသူများ၏ လိုအပ်ချက်များနှင့်အညီ စားသုံးမှုအဆင့်မြှင့်တင်ရန်အတွက် Dakangသည် ကောက်ပဲသီးနှံရောင်းဝယ်ရေး၊ အမဲသား၊ နို့ထွက်ပစ္စည်းနှင့် သိုးလုပ်ငန်း အပါအဝင်ဖြစ်သော ၎င်း၏ လုပ်ငန်းဖြင့် စားသုံးသူများအား ဘေးကင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သော အရည်အသွေးမြင့် အစားအစာများကို ပံ့ပိုးပေးကာ တရုတ်နိုင်ငံ၏ အစားအစာဖူလုံရေးနှင့် အစားအစာ ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် ဆောင်ရွက်သော ကုမ္ပဏီတစ်ခုဖြစ်ရာ ယင်းသည် အရှေ့တောင်အာရှမှ ကျွဲနွား များကို ဝယ်ယူထုတ်လုပ်ရန် မြန်မာနိုင်ငံနှင့် နယ်စပ်ရှိ ရွှေလီမြို့တွင် ကျွဲနွားများကို သီးသန့်ထားရှိ ရန် quarantine နှင့် အသားသတ်ရန် အချက်အချာ အဖြစ်ဆောင်ရွက်ခဲ့၍ တရုတ်ငွေယွမ် ၁ ဒသမ ၈ ဘီလီယံ ရင်းနှီးမြုပ်နှံမှုရှိကြောင်းသိရှိရပြီး တစ်နှစ်လျှင် ကျွဲနွားအကောင် ရေ ငါးသောင်း ၅၀,၀၀၀

Agribusiness & Trade

သားသတ်နိုင်သော စွမ်းရည်အပြင် အသားထုတ်လုပ်ခြင်း၊ သားရေနှင့်တိရစ္ဆာန်များ ပြုပြင်ထုတ်လုပ်သည့် စက်ရုံအစိတ်အပိုင်းများ တည်ဆောက်ခဲ့ပါသည်။

မြန်မာနိုင်ငံမှ ကျွဲနွားများ၏ ပျမ်းမျှကုန်ကျငွေသည် သတ်ရန်အဆင်သင့်ဖြစ်သည့် တရုတ်နွားများအတွက် ပေးဆောင်ရသည့် ကုန်ကျငွေနှင့် နှိုင်းယှဉ်ပါက ပိုမိုဈေးသက်သာကြောင်း Dakang မှ ထုတ်ပြန်ချက်အရ သိရှိရပါသည်။ ကုမ္ပဏီသည် ရွှေလီနယ်စပ်ဖြတ်ကျော် ကနဲ့သတ်စမ်းသပ်မှုစီမံကိန်းတွင်ပါဝင်သည့် ရွှေလီနှင့် ယူနန်ပြည်နယ်အာဏာပိုင်များနှင့် သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနများအပြင် အကောက်ခွန်၊ အထွေထွေအုပ်ချုပ်ရေးနှင့် AQSIQ Chinas quarantine စသည့် တရုတ်အစိုးရဝန်ကြီးဌာနလေးခုတို့၏ သဘောတူညီမှုရရှိခဲ့ပြီဖြစ်ကြောင်းလည်း သိရှိရပါသည်။

တရုတ်နိုင်ငံ၊ ဟူနန်ပြည်နယ်အလယ်ပိုင်းတွင်အခြေစိုက်ပြီး Shenzhen စတော့ရှယ်ယာဈေးကွက်တွင် စာရင်းသွင်းထားသော Hunan Dakang International Food & Agriculture Co,Ltd (ယခင်က Hunan Dakang Pasture Farming Co Ltd) သည် ယခင်က တိရိစ္ဆာန်အစာ၊ ဝက်နှင့်သိုးအရှင်များကို အဓိကထားလုပ်ဆောင်ခဲ့သော်လည်း နောက်ပိုင်းတွင် မြင့်တက်လာသော စားသုံးသူများ၏ ဝယ်လိုအားကို တုံ့ပြန်ရန်အတွက် အမဲသားနှင့် နို့ထုတ်လုပ်ရေးအဖြစ်သို့ ပြောင်းလဲခဲ့ကြောင်း Dakang ၏ အရှေ့တောင် အာရှနွားများဆီသို့ ဦးတည်မှုသည် ရည်မှန်းချက်ကြီးသော်လည်း မြန်မာနှင့် ဗီယက်နမ်တွင် လုပ်သားစရိတ်သည် တရုတ်နိုင်ငံတွင်ပေးရသည့် ပျမ်းမျှလုပ်ခထက် ထက်ဝက်ခန့်သက်သာရာ တရုတ်နိုင်ငံ၏ စီးပွားရေးကို မြှင့်တင်ရာတွင် ကုန်ကြမ်းထောက်ပံ့သူအဖြစ် အရှေ့တောင်အာရှနိုင်ငံများနှင့် ပေါင်းစည်းရခြင်းမှာအဓိပ္ပာယ်ရှိပါကြောင်း တောင်ဘက်တွင် ဗီယက်နမ်၊ လာအို၊ အနောက်ဘက်တွင် မြန်မာနှင့် နယ်နိမိတ်ချင်း ထိစပ်နေသော ရွှေလီသည် တရုတ်နိုင်ငံ၏ ကုန်သွယ်မှုအတွက် မဟာဗျူဟာမြောက် အချက်အချာကျသောဒေသဖြစ်လာသည့် ယူနန်ပြည်နယ်၏မြို့ တစ်မြို့ဖြစ်၍ မြန်မာမှတရုတ်နိုင်ငံသို့ တင်ပို့သူများက ဆက်သွယ်နိုင်ပါကြောင်း အဝေးပြေးလမ်းများ၊ ကျည်ဆန်ရထားများနှင့် စွမ်းအင်ပိုက်လိုင်းများကို ယူနန်မှ အရှေ့တောင်နှင့် တောင်အာရှသို့ပို့ဆောင်ရန် တရုတ်နိုင်ငံမှ စီစဉ်လျက်ရှိကြောင်း မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ လွတ်လပ်စွာကူးသန်းသွားလာနိုင်ပြီး Dakang ၏ အစီအစဉ်များ အကောင်အထည်ဖော်ပါက မြန်မာနိုင်ငံမှ ကျွဲနွားများကို ရွှေလီ–နောင်တောင်းရှိ သားသတ်ရုံသို့ ရောက်ရှိမည်ဖြစ်ပါသည်။

စက်ရုံတွင် တာဝန်ရှိသူမှ ဆွေးနွေးတင်ပြရာတွင် ရောဂါဘယကင်းရှင်းကြောင်း စမ်းသပ်စစ်ဆေးပြီးနောက် စက်ရုံသို့ရောက်ရှိလာသော ကျွဲ–နွားများ သားသတ်ခြင်း ဆောင်ရွက်ရာတွင် နည်းစဉ်

Agribusiness & Trade

(၂)ခုဖြင့်ဆောင်ရွက်ရာ ရိုးရိုးအသားသတ်ခြင်းနှင့် အစ္စလာမ်ဘာသာဝင်များအတွက် ဟာလာနည်း စဉ်ဖြင့်ဆောင်ရွက်ခြင်းတို့ဖြစ်ပါကြောင်း၊ ယင်းတို့ကို သီးခြားဆောင်ရွက်နိုင်ရန် လိုင်းကြီး(၂)လိုင်း ခွဲခြားထားပါကြောင်း၊ မိမိတို့စက်ရုံအနေဖြင့် တစ်နှစ်လျှင်အကောင်ရေ ငါးသိန်းနှင့်အထက်ရှိမှသာ စက်ရုံလည်ပတ်ရာတွင် ကုန်ကျစရိတ် ကာမိ၍ စီးပွားရေးတွက်ချေကိုက်မည်ဖြစ်ကြောင်း မြေပုံတွင် မြန်မာနိုင်ငံမှ တင်သွင်းလာသည့် နွားအကောင်ရေများအားတစ်နေ့လျှင် ပြည်နယ်အသီးသီးမှ မည်မျှ ဝယ်ယူမည်ဆိုသည့် ခန့်မှန်းချေပြမြေပုံဖြစ်ပါကြောင်း (ဥပမာအားဖြင့် ကူမင်းမြို့မှ ၂၀၁၉ ခုနှစ်တွင် တစ်ရက်လျှင် အကောင်ရေ ၄၀၀ခန့်ဝယ်ယူရန်ခန့်မှန်း) ရှင်းလင်းတင်ပြပါသည်။

ဆက်လက်၍ ဆွေးနွေးရာတွင် စက်ရုံတွင်ထုတ်လုပ်မှုမှာ ကျွဲ-နွား တစ်ကောင်လျှင် အကောင်လိုက် (သို့မဟုတ်) ၄ ပိုင်း၊ ၂၄ ပိုင်း၊ ၁၀၈ ပိုင်း စသည်ဖြင့် ပိုင်းဖြတ်၍ ဝယ်ယူသူ လိုချင်သောပုံစံပိုင်း ဖြတ်ရောင်းချမည်ဖြစ်ပါကြောင်း လတ်ဆတ်သောအသား၊ အေးခဲသားများအပြင် အသားလုံး၊ အသား ပြားကြော်စသည်ဖြင့် ထုတ်လုပ်၊ ရောင်းချသွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြ ဆွေးနွေးခဲ့ပါသည်။

ထို့နောက် နယ်စပ်ဂိတ်တွင် ခြေလေးချောင်းတိရစ္ဆာန်ဝင်ထွက်သည့် ပုံစံကို မိတ်ဆက်ပေးလို ပါကြောင်း ၂၀၁၇ ခုနှစ်တွင် တရုတ်နိုင်ငံမှ ဝန်ကြီးဌာနလေးခုမှ ခွင့်ပြုချက်ဖြင့် နောင်တောင်းအား အသားစားနွား (အရှင်) တင်သွင်းနိုင်သော နယ်စပ်ဂိတ်အဖြစ် သတ်မှတ်ခဲ့ပါကြောင်း တရုတ်နိုင်ငံနှင့် သက်ဆိုင်သောအပိုင်း(၃)ပိုင်းရှိပါကြောင်း ပထမပိုင်းတွင် စစ်ဆေးရေးဇုံအပိုင်း၊ ဒုတိယပိုင်းတွင် Animal Quarantine ဆောင်ရွက်သောအပိုင်းနှင့် တတိယပိုင်းထုတ်လုပ်ရေးပိုင်းဖြစ်ပါကြောင်း ၃၈ မူ ကျယ်ဝန်းသောစစ်ဆေးရေးကွင်းမှာ ယခုအခါလုံးဝ ပြီးစီးပြီဖြစ်ပါကြောင်း၊ ဆောင်ရွက်သောနည်း စဉ်မှာ စုစည်းပြီး ရောက်ရှိလာသော အသားစားကျွဲ-နွားများကို (၄၅) ရက်ကျွေးမွေးပြီးနောက် ရက် ပေါင်း(၃၀) Quarantine ဝင်ရမည်ဖြစ်ပါကြောင်း၊ နောက်ကြောင်းပြန်ခြေရာခံလိုက်ခြင်း traceab- ility အတွက် နွား၏နားရွက်တွင် တပ်ထားသောနံပတ်ကို စစ်ဆေးခြင်းဖြင့် မည်သည့်ဒေသမှ ရောက်ရှိသည် ရက်ပေါင်းမည်မျှ Quarantine ဝင်သည်စသည်ဖြင့်သိရှိနိုင်ပါကြောင်း ပြီးပါက ရောဂါ ရှိမရှိစစ်ဆေး၍ ရောဂါရှိပါက ရှိသောအကောင်အား သုတ်သင်မည်ဖြစ်ပါကြောင်း ရောဂါကင်းရှင်း သောအကောင်များကို သီးသန့်လမ်းကြောင်းဖြင့် သားသတ်ရုံသို့ ပို့ဆောင်မည်ဖြစ်ပါကြောင်း တရုတ်နိုင်ငံ၏ စစ်ဆေးကွင်းအတွင်းဖြစ်ပါက စတင်ဝင်ရောက်ချိန်မှ (၇) ရက်အတွင်းသတ်ပါ ကြောင်း စီမံကိန်းကို အပိုင်းလိုက် ခွဲခြားထားပါကြောင်း တစ်နှစ်လျှင် အကောင်ရေ ငါးသိန်းရှိမှသာ တွက်ချေကိုက်ပါကြောင်း ယခုအခါ သတင်းအချက်အလက်နှင့် သက်ဆိုင်သောစနစ်များ ထူထောင် နေပြီဖြစ်ပါကြောင်း GACC ၏ခွင့်ပြုချက်ရရှိပြီးပါက မြန်မာနိုင်ငံနှင့် သက်ဆိုင်ရာ လုပ်ငန်းများကို

Agribusiness & Trade

အတူစတင်နိုင်ပြီဖြစ်ပါကြောင်း အသားစားနွားကုန်စည် စီးဆင်းမှုချောမွေ့စေရေးအတွက် ရိုးရိုးကုန်ပစ္စည်းများနှင့် အတူမဟုတ်ဘဲ အကောက်ခွန်စစ်ဆေးမှုကို ကြိုတင်ဆောင်ရွက်ခြင်းဖြင့် သီးခြား (လမ်းကြောင်းမှတဆင့်) ဝင်နိုင်ရေးဆောင်ရွက်မည်ဖြစ်ပါကြောင်း ၊ မြေပုံထဲတွင် မပါဝင်သော်လည်း ရှင်းပြလိုသော အချက်တစ်ခုမှာ အသားစားနွားများကိုတင်သွင်းရာတွင် မြန်မာနိုင်ငံဘက်ရှိ ရွှေလီမြစ်ကို စက်လှေဖြင့်ဖြတ်သန်းသယ်ဆောင်ရသဖြင့် တံတားတစ်ခု ဆောက်လုပ်ပါက ပိုမိုမြန်ဆန်မည်ဖြစ်ပါကြောင်း ယခုရှင်းလင်းပြသသော စစ်ဆေးရေး ကွင်းပုံစံဖြစ်ပါက တစ်နေရာတည်းတွင် လုပ်ငန်းပြီးစီးနိုင်မည့် မိုဒယ်ပုံစံဖြစ်ပါကြောင်း ဆောင်ရွက်ရန်ရှိကျန်ရှိသော အပိုင်းများမှာ (၁) GACC ဖြင့် အွန်လိုင်းမှစစ်ဆေးရေးနှင့် (၂) ရွှေလီမြစ်–နမ့်ခမ်းတံတား ဆောက်လုပ်ရေးတို့ဖြစ်ပါကြောင်း လာမည့်အနာဂတ်တွင် နမ့်ခမ်းဘက်တွင် အစအဆုံး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဒုတိယပိုင်းစီမံကိန်းကို အကောင်အထည်ဖော်ပါက အကောင်ရေတစ်သန်းခန့် ဝယ်ယူနိုင်မည်ဖြစ်၍ ဒေသခံများကိုများစွာ အကျိုးပြုမည်ဖြစ်ပါကြောင်း၊ မိမိစက်ရုံကိုယ်စား မြန်မာကောင်စစ်ဝန်ချုပ်အား တင်ပြလိုသည်မှာ GACC ဖြင့် အွန်လိုင်းမှစစ်ဆေးခြင်းကိစ္စ အလျှင်အမြန်ဆောင်ရွက်နိုင်ရန်အတွက် ကောင်စစ်ဝန်ချုပ်မှ တွန်းအားပေးစေလိုပါကြောင်း ဆွေးနွေးတင်ပြခဲ့ပါသည်။

မြန်မာကောင်စစ်ဝန်ချုပ် ဦးသော်တာအောင်မှ ယခုကဲ့သို့ အသေးစိတ်ရှင်းလင်းဆွေးနွေးပေး၍ အထူးပင်ကျေးဇူးတင်ရှိပါကြောင်း GACC ဖြင့် အွန်လိုင်းမှစစ်ဆေးခြင်းကိစ္စ အလျှင်အမြန်ဆောင်ရွက်နိုင်ရန်အတွက်လည်း စီးပွားရေးသံမှူးနှင့်အတူ သက်ဆိုင်ရာ အေဂျင်စီများကိုတင်ပြ၍ အမြန်ဆုံးဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ပြန်လည်ဆွေးနွေး ပြောကြားပြီးနောက် လေ့လာမှုခရီးစဉ်သည် ညနေ(၁၆:၄၅)ခန့်တွင် အောင်မြင်စွာ ပြီးစီးခဲ့ပါသည်။

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး

ကူမင်း

……………………………………………………………………………………………………

Agribusiness & Trade

# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၂၄ / ၂၀၂၂) ၂၀၂၂ ခုနှစ်၊ ဇွန်လ(၂၃) ရက်

| ၂၃-၆-၂၀၂၂ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၁၈၅၀.၀ |
| ယူရို | ၁၉၄၃.၉ |
| စင်္ကာပူဒေါ်လာ | ၁၃၃၀.၇ |
| စတာလင်ပေါင် | ၂၂၅၉.၆ |
| ဂျပန်ယန်း (၁၀၀) | ၁၃၆၆.၂ |
| တရုတ်ယွမ် | ၂၇၅.၇၈ |
| ဟောင်ကောင် ဒေါ်လာ | ၂၃၅.၆၉ |
| အိန္ဒိယရူပီး | ၂၃.၆၁၇ |
| ကိုရီးယားဝမ် (၁၀၀) | ၁၄၁.၈၇ |
| မလေးရှား ရင်းဂစ် | ၄၁၉.၇၄ |
| ဖိလစ်ပိုင်ပီဆို | ၃၃.၈၂၁ |
| ထိုင်းဘတ် | ၅၂.၁၂၀ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၇.၉၅၇၃ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **အထွေထွေသတင်းများ**

➢ ဇီဝအခြေပြုစီးပွားရေးစီမံကိန်း ဆက်လက်ဆောင်ရွက်မည့် အစီအစဉ် (ဂျာမနီ)

➢ အာရှနှင့် ပစိဖိတ်နိုင်ငံ သံအမတ်ကြီးများ လေ့လာဆွေးနွေးမှု အစီအစဉ်ပြုလုပ် (Ambassadors in Dialogue) (ဂျာမနီ)

➢ ဓာတုစက်မှုလုပ်ငန်းများနှင့် Green Hydrogen ထုတ်လုပ်မှု (ဂျာမနီ)

## ဇီဝအခြေပြုစီးပွားရေးစီမံကိန်း ဆက်လက်ဆောင်ရွက်မည့် အစီအစဉ် (ဂျာမနီ)

ဂျာမနီနိုင်ငံ North Rhine–Westphalia (NRW) ပြည်နယ်ရှိ Jülich Research Centre (FZJ) သည် သိပ္ပံပညာရှင်များ၊ သုတေသနဆရာဝန်များ၊ သင်တန်းပို့ချသူများနှင့် သုတေသနကျောင်းသားများ အပါအဝင် (၇၀၀၀)ခန့်ဖြင့် Sustainable Bio economy၊ စွမ်းအင်၊ ရုပ်ဝတ္ထု (Matter)၊ သတင်းအချက်အလက်စသည့် ကဏ္ဍများတွင် ထိပ်တန်းသုတေသနလုပ်ငန်းများကို ဦးတည်ဆောင်ရွက်နေသည့် အဖွဲ့အစည်းဖြစ်ပြီး အခြားနိုင်ငံများနှင့် ပူးပေါင်း၍လည်း သင်တန်းအစီအစဉ်များ၊ သုတေသနပြုစီမံကိန်းများကို ဆောင်ရွက်ပေးလျှက်ရှိပါသည်။ Green Hydrogen Economy ကို ဦးတည်နိုင်ရန်အတွက် သုတေသနပြုလေ့လာမှုများစွာကိုလည်း ပြုလုပ်ထားရှိပါသည်။ အဆိုပါ Research Centre ကို ၁၉၅၆ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး ဂျာမန် ဖက်ဒရယ်အစိုးရက ၉၀ ရာခိုင်နှုန်းနှင့် NRW ပြည်နယ်က ၁၀ ရာခိုင်နှုန်း ထည့်ဝင်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

၂၀၂၂ ခုနှစ် ဇွန်လ ၉ ရက်နေ့မှ ၁၀ ရက်နေ့အထိ ဂျာမန်အာရှနှင့်ပစိဖိတ်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအသင်း (German Asia–Pacific Business Association–OAV) က ကြီးမှူးကမကထပြုသည့် မြန်မာသံအမတ်ကြီး အပါအဝင် အာရှနှင့် ပစိဖိတ်နိုင်ငံ သံအမတ်ကြီးများ ဆွေးနွေးမှုအစီအစဉ် (Ambassadors in Dialogue) အရ ဂျာမနီနိုင်ငံ North Rhine–Westphalia ပြည်နယ်သို့ သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း Jülich Research Centre တွင် အရှေ့တောင်အာရှနိုင်ငံများအတွက် ဇီဝအခြေပြုစီးပွားရေး စီမံကိန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်နေခြင်းကို လေ့လာရပြီး မြန်မာနိုင်ငံမှ ဆက်လက်ပါဝင်အကူအညီများရရှိနိုင်မည့် အစီအစဉ်များကို သိရှိရပါသည်။ Jülich Research Centre က IRRIGATION 4.0 စီမံကိန်းကို အရှေ့တောင်အာရှ–ဥရောပ ရန်ပုံငွေအထောက်အပံ့ဖြင့် ထိုင်းနိုင်ငံ National Science and Technology Development Agency (NSTDA)၊ မြန်မာနိုင်ငံ၊ ကွန်ပျူတာစနစ်နှင့် နည်းပညာမဟာဌာန၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ် (UCSY) တို့ပါဝင် ပူးပေါင်း၍ ၂၀၁၉–၂၀၂၀ ခုနှစ်များတွင် ထိုင်းနိုင်ငံ၌ ဒူးရင်းခြံနှင့် ပြောင်းခင်းများတွင် စတင်သုတေသနပြုဆောင်ရွက်ခြင်းရှိခဲ့ပြီး ရေရှည်တည်တံ့သော ဇီဝလောင်စာကို ပုံမှန်ထုတ်လုပ်နိုင်ရန် Smart Irrigation System သည် ရေအရင်းအမြစ်များကို အကျိုးရှိစွာ အသုံးပြုနိုင်ပြီး ရေရှည်တည်တံ့စေရန် ရည်ရွယ်ခြင်း ဖြစ်ပါသည်။

ယခုအခါ Jülich Research Centre နှင့် NSTDA တို့ပူးပေါင်း၍ ဇီဝအခြေပြု စီးပွားရေးစီမံကိန်းလုပ်ငန်းများကို အာဆီယံနိုင်ငံများပါဝင်၍ ဆက်လက် ပူးပေါင်းဆောင်ရွက်နိုင်ရန် ၂၃.၆.၂၀၂၂ ရက်နေ့တွင် အွန်လိုင်းဆွေးနွေးပွဲတစ်ခုကို ကျင်းပဆောင်ရွက်မည် ဖြစ်ပါသည်။

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး

ဘာလင်

.......................................................................

## အာရှနှင့် ပစိဖိတ်နိုင်ငံ သံအမတ်ကြီးများ လေ့လာဆွေးနွေးမှု အစီအစဉ်ပြုလုပ် (Ambassadors in Dialogue) (ဂျာမနီ)

ဂျာမန်အာရှနှင့် ပစိဖိတ်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအသင်း (German Asia–Pacific Business Association–OAV)က ကြီးမှူးကမကထပြုသော အာရှနှင့် ပစိဖိတ်နိုင်ငံသံအမတ်ကြီးများ ဆွေးနွေးမှုအစီအစဉ် (Ambassadors in Dialogue) ကို ဂျာမနီနိုင်ငံအနောက်ပိုင်းရှိ North Rhine–Westphalia ပြည်နယ်တွင် ၂၀၂၂ ခုနှစ် ဇွန်လ ၉ ရက်နေ့မှ ၁၀ ရက်နေ့အထိ လေ့လာဆွေးနွေးမှု ခရီးစဉ်အနေဖြင့် စီစဉ်ဆောင်ရွက်ခဲ့ပါသည်။ ခရီးစဉ်အတွင်း Essen မြို့ရှိ Handelsblatt Hydrogen Summit 2022 တွင် ပါဝင်တက်ရောက်ခြင်း၊ Zollverein Coal Mine Industrial Complex သို့ သွားရောက်လေ့လာခြင်း၊ Duisburg မြို့ရှိဆိပ်ကမ်းလေ့လာမှုများ၊ North Rhine–Westphalia ပြည်နယ် Minister of Economic Affairs, Innovation, Digitalization and Energy နှင့် ညစာစားပွဲတက်ရောက်ခြင်း၊ North Rhine–Westphalia ပြည်နယ် တာဝန်ရှိသူများ၊ NRW ဘဏ်နှင့် စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများနှင့် တွေ့ဆုံခြင်း၊ Henkel Adhesive Technologies Inspiration Center ၊ Julich သုတေသနအဖွဲ့အစည်းများနှင့် open cast mine များသို့ သွားရောက်လေ့လာခြင်း၊ အာရှပစိဖိတ်နိုင်ငံများနှင့် ကုန်သွယ်မှုတိုးမြှင့်လိုသည့် ကုမ္ပဏီများနှင့် တွေ့ဆုံဆွေးနွေးခြင်း အစီအစဉ်များတွင် ပါဝင်ခဲ့ပါသည်။ အဆိုပါ Ambassadors in Dialogue အစီအစဉ်တွင် မြန်မာအပါအဝင် အင်ဒိုနီးရှား၊ ဗီယက်နမ်၊ အိန္ဒိယ၊ ဩစတြေးလျ၊ ထိုင်း၊ လာအို၊ ဘရူနိုင်း၊ မွန်ဂိုလီးယား၊ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ နီပေါနိုင်ငံ သံအမတ်ကြီးများ၊ ဖိလစ်ပိုင်နိုင်ငံ သံရုံးယာယီတာဝန်ခံ၊ စင်္ကာပူနှင့် မော်လဒိုက်နိုင်ငံ သံရုံးဒုတိယအကြီးအကဲတို့ လိုက်ပါလေ့လာခဲ့ပါသည်။ ခရီးစဉ်အတွင်း သံအမတ်ကြီးများနှင့်အတူ OAV ဥက္ကဋ္ဌဖြစ်သူ Prof.Dr.Ing Axel Stepken နှင့် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါခဲ့ပါသည်။

Agribusiness & Trade

၉.၆.၂၀၂၂ ရက်နေ့ Hydrogen Summit တွင် ဟိုက်ဒြိုဂျင် စွမ်းအင်၏အရေးပါမှု၊ အခြေခံအဆောက်အအုံများလိုအပ်မှု၊ ဂျာမနီနိုင်ငံတွင် ဟိုက်ဒြိုဂျင်စွမ်းအင် အသုံးချဆောင်ရွက်နိုင်မှုအတွက် ဆောင်ရွက်မည့်အစီအစဉ်များနှင့် စွမ်းအင်ဈေးကွက်တွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်မှုအနေအထား၊ အစိုးရပိုင်းမှ မူဝါဒပိုင်း၊ ဘဏ္ဍာငွေပံ့ပိုးမှုပိုင်း၊ မဟာဗျူဟာ ချမှတ်ဆောင်ရွက်မှုပိုင်း၊ နိုင်ငံတစ်ကာနှင့် ပူးပေါင်းဆောင်ရွက်မှုပိုင်းတို့ကို ဆွေးနွေးကြပါသည်။ ဂျာမနီနိုင်ငံအနေဖြင့် ပြည်ပမှလည်း ဟိုက်ဒြိုဂျင်တင်သွင်းရန် အစီအစဉ်ရှိသဖြင့် ဩစတြေးလျ၊ အိန္ဒိယ၊ အင်ဒိုနီးရှားနိုင်ငံတို့မှ တင်သွင်းနိုင်မှု အလားအလာ၊ အဆိုပါနိုင်ငံများကလည်း ဂျာမနီနိုင်ငံမှ နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှု အလားအလာများအတွက် အကြိတ်အနယ် ကြိုးပမ်းလျက်ရှိနေကြပုံကို လေ့လာနိုင်ပါသည်။

Zollverein Coal Mine ကို ၁၉ ရာစုနှစ်အတွင်း စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ၁၉၆၀ ခုနှစ်ပတ်ဝန်းကျင်မှစ၍ ဂျာမနီနိုင်ငံ၌ တွင်းထွက်သတ္တုတူးဖော်ခြင်းလုပ်ငန်းများ ရပ်နားစပြုလာပြီး ကျောက်မီးသွေးနေရာတွင် ရေနံကို စတင်အစားထိုးစပြုလာခြင်း၊ လုပ်ငန်းလည်ပတ်မှု စရိတ်မြင့်တက်မှုများကြောင့် ၁၉၈၆ ခုနှစ်တွင် ကျောက်မီးသွေးတွင်းကို ပိတ်ခဲ့ပြီး ၁၉၉၃ ခုနှစ်တွင် ကျောက်မီးသွေးစက်ရုံလည်ပတ်မှုကို ရပ်နားခဲ့ကာ အဆိုပါ Complex ကို အပန်းဖြေနားနေမှုစခန်း (Recreation Park) အဖြစ် ပြောင်းလဲတည်ဆောက်ခဲ့ပါသည်။ ၂၀၀၁ ခုနှစ်တွင် Zollverein ၏ အကြီးစားစက်မှုလုပ်ငန်း အဆောက်အဦပိုင်း တည်ဆောက်မှု ဒီဇိုင်းဗိသုကာလက်ရာနှင့် နည်းပညာ အရည်အသွေးများကြောင့် ကမ္ဘာ့သမိုင်းဝင်အမွေအနှစ် နေရာအဖြစ် သတ်မှတ်ခံရသည့် နေရာဖြစ်ပါသည်။ လက်ရှိတွင် Zollverein Foundation က သမိုင်းဝင် အမွေအနှစ် အထိမ်းအမှတ်တစ်ခုအဖြစ် ထိန်းသိမ်းစောင့်ရှောက် ထားရှိပါသည်။ မူလ Coal Mine ကို လက်ရာမပျက် ထိန်းသိမ်းထားရှိပြီး ယခင်ထုတ်လုပ်ဆောင်ရွက်ခဲ့မှု မှတ်တမ်းများကို လေ့လာတွေ့ရှိခဲ့ရပြီး လူအများလာရောက်လေ့လာနိုင်ရန် သမိုင်းအထောက်အထားများဖြင့် ကြည့်ရှုနိုင်သည့် ပြတိုက်ကိုလည်း ဖွင့်လှစ်ထားရှိပါသည်။

Duisburg ဆိပ်ကမ်းသည် ကမ္ဘာ့အကြီးဆုံးကုန်းတွင်းဆိပ်ကမ်း (World Largest Inland Port) တစ်ခုဖြစ်ပြီး ဥရောပတိုက်အလယ်ပိုင်းရှိ ထိပ်တန်းထောက်ပံ့ပို့ဆောင်မှုဗဟိုဌာနတစ်ခုဖြစ်ပါသည်။ နှစ်စဉ် သင်္ဘောစီးရေ (၂၀၀၀၀)ကျော်နှင့် ရထားစီးရေ (၂၅၀၀၀) ကျော်ဖြင့် ကုန်စည်တန်ချိန်သန်းပေါင်း(၁၁၀) ကျော်ကို လည်ပတ်ဆောင်ရွက်နေပါသည်။ Duisburg ဆိပ်ကမ်းသည် နယ်သာလန်နိုင်ငံ Rotterdam ဆိပ်ကမ်းနှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်မှုရှိပြီး အာရှတိုက်ရှိ အဓိကဆိပ်ကမ်းများနှင့်လည်း ချိတ်ဆက်ထားရှိကာ အဓိကအားဖြင့် ဥရောပနှင့်တရုတ်နိုင်ငံအကြား အပြန် အလှန်ကုန်တင်ပို့မှုကို ပင်လယ်ရေကြောင်းမှ သွားမည့်အစား ကုန်းတွင်းပိုင်းမှ ကာဇက်စတန်

Agribusiness & Trade

နိုင်ငံကို ဖြတ်ကျော်ကာ ရထားနှင့်ပို့ဆောင်နိုင်ရေး ဆောင်ရွက်ပေးသော ကုန်းတွင်းဆိပ်ကမ်းဖြစ်ပါသည်။

Duisburg မြို့ရှိ Haniel ကုမ္ပဏီအဆောက်အဦတွင် Ministry of Economic Affairs, Innovation, Digitalization and Energy မှ ဝန်ကြီး Prof.Dr.Andreas Pinkwart နှင့် ဒေသခံဂျာမန်ကုမ္ပဏီများပါဝင်သည့် ညစာစားပွဲတွင် အာရှနိုင်ငံများတွင် လက်ရှိရင်းနှီး မြှုပ်နှံလုပ်ကိုင်နေသော ကုမ္ပဏီများနှင့် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားသည့် ကုမ္ပဏီများနှင့် တွေ့ဆုံဆွေးနွေးဖလှယ်မှုများ ပြုလုပ်ကြပါသည်။ Haniel ကုမ္ပဏီသည် နှစ်ပေါင်း ၂၅၀ ကျော်သက်တမ်းရှိပြီဖြစ်ပြီး ပုံမှန်ကုန်သွယ်မှုလုပ်ငန်းများဖြင့်စတင်ခဲ့ပြီး ယခုအခါ တီထွင်ဆန်းသစ် မှုများပေါင်းစပ်၍ တိုးတက်ပြောင်းလဲမှုများဖြင့် Haniel group ကုမ္ပဏီများအတွက် ရင်းနှီးမြှုပ်နှံမှုပိုင်း၊ ရေရှည်တည်တံ့မှုပိုင်း၊ ပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းမှုနှင့် Value creation ပိုင်းများကို ဦးတည်ဆောင်ရွက်လျှက်ရှိသည်။ ကုမ္ပဏီအများစုသည်လည်း သက်ဆိုင်ရာကဏ္ဍ၊ လုပ်ငန်းနယ်ပယ်များအလိုက် ဝန်ဆောင်မှုနှင့် နည်းပညာပိုင်းဆိုင်ရာ Solution အမျိုးမျိုးကို ဦးတည်၍ ပံ့ပိုးလုပ်ကိုင်နေကြပါသည်။

၁၀.၆.၂၀၂၂ ရက်နေ့ နံနက်ပိုင်းတွင် သံအမတ်ကြီးများအား Dosseldorf မြို့ရှိ NRW Bank တွင် ဘာလင်မြို့၌ အစည်းအဝေးတက်ရောက်နေသော ပြည်နယ်ဝန်ကြီးချုပ် Mr. Hendrik Josef Wust က အွန်လိုင်း ဗီဒီယိုဖြင့် နှုတ်ခွန်းဆက်စကားပြောကြားပါသည်။ Trade and Investment Agency မှ စီအီးအို ဖြစ်သူ Mr.Felix Neugart က North Rhine–Westphalia ပြည်နယ်၏ စီးပွားရေးလုပ်ငန်းပိုင်း အချက်အခြာဒေသအဖြစ်တည်ရှိမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေနှင့် ရှေ့အလားအလာများအကြောင်းကို ရှင်းလင်းဆွေးနွေးရာ NRW ပြည်နယ်၏ ဂျီဒီပီသည် ဥရောပတိုက်တွင် အဆင့်(၇)နေရာတွင်ရှိပြီး ဂျာမနီနိုင်ငံ ဂျီဒီပီ၏ ၂၁ရာခိုင်နှုန်းခန့်ရှိကြောင်း၊ Agency မှာ နိုင်ငံရပ်ခြားတိုင်းပြည်များတွင် ရုံးခွဲများထားရှိကာ စီးပွားရေးလုပ်ငန်းများအတွက် ဝန်ဆောင်မှုများစွာ ပံ့ပိုးပေးနေကြောင်း၊ ပြည်နယ်အတွင်း SMEs လုပ်ငန်းပေါင်း (၇၀၀၀၀၀) ကျော်ရှိပြီး ၂၀၂၀ ခုနှစ်တွင် စက်မှုလုပ်ငန်းများ၏ ရောင်းရဝင်ငွေသည် ယူရို (၃၂၀) ဘီလီယံ ရှိခဲ့ကြောင်း၊ ဂျာမနီနိုင်ငံ ထောက်ပံ့ပို့ဆောင်မှုလုပ်ငန်းများ၏ ၂၅ ရာခိုင်နှုန်းသည် NRW ပြည်နယ်တွင်ရှိကြောင်း၊ အာဆီယံဒေသတွင် ကဏ္ဍအလိုက်နှင့် နည်းပညာပိုင်း ပံ့ပိုးပူးပေါင်းရန် စီစဉ်ထားရှိကြောင်းနှင့် ဒစ်ဂျစ်တယ်နည်းပညာ၊ ပညာရေး၊ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ တီထွင်ဆန်းသစ်မှု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ ဟိုက်ဒြိုဂျင်စွမ်းအင်နှင့် ဇီဝနည်းပညာတို့အတွက် အချက်အခြာကျသော ပြည်နယ်ဖြစ်ပြီး ကုမ္ပဏီ

Agribusiness & Trade

ပေါင်း(၅၀၀၀) ကျော်တို့က ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အတွက် လုပ်ကိုင်ဆောင်ရွက်နေကြကာ အရှိန်အဟုန်ဖြင့် တိုးတက် လုပ်ကိုင်လျှက်ရှိနေပုံတို့ကို ရှင်းလင်းဆွေးနွေးပါသည်။

ဆက်လက်၍ NRW Bank မှ တာဝန်ရှိသူက NRW Bank သည် ဥရောပတွင် အဆင့်(၃) နေရာတွင်ရှိပြီး ဘဏ္ဍာရေးအကြပ်အတည်းများနှင့် ကပ်ရောဂါကာလများကို တွေ့ကြုံခဲ့ရသော်လည်း ခိုင်မာစွာဆက်လက်ရပ်တည်လျှက်ရှိကြောင်း၊ လုပ်ငန်းများအတွက် ချေးငွေနှင့် ချေးငွေစာချုပ်များ၊ အခြားအာမခံများ ပံ့ပိုးဆောင်ရွက်ပေးနေမှုများကို အသေးစိတ်ရှင်းလင်းပါသည်။

သံအမတ်ကြီးများသည် Henkel Adhesive Technologies Inspiration Center တွင် နေ့စဉ်လူသုံးအိမ်သုံးပစ္စည်းများ၏ ထုတ်လုပ်မှုပိုင်း၊ နည်းပညာပိုင်း လိုအပ်ချက်များအတွက် ထုတ်ကုန်ပိုင်း၊ ဝန်ဆောင်မှုပိုင်း၊ အဖြေရှာဖြေရှင်းနည်းများ(solution) ကို ကျွမ်းကျင်ပညာရှင်များ၊ အကြံပေးအရာရှိများပါဝင်၍ ထိရောက်ကောင်းမွန်စျေးကွက်ဝင်သည့် ထုတ်ကုန်များ ဖြစ်လာစေရန် တီထွင်ဆန်းသစ်မှု၊ တာဝန်ယူဆောင်ရွက်မှု၊ ရေရှည်တည်တံ့မှုတို့ဖြင့် ပံပိုးဆောင်ရွက်ပေးလျှက် ရှိပုံတို့ကိုလေ့လာကြပါသည်။ Henkel ကုမ္ပဏီသည် စေးကပ်ကော်ပြုလုပ်ခြင်းနည်းပညာ၊ Beauty Care ၊ Laundry and Home care လုပ်ငန်းများဖြင့် စီးပွားရေးကဏ္ဍနှင့်စားသုံးကုန်စည် စျေးကွက်တွင် ထိပ်တန်းတွင် နေရာယူထားသော ကုမ္ပဏီဖြစ်ပါသည်။

Jülich မြို့ရှိ အဆင့်မြင့်လုံခြုံရေးစနစ်ရှိသည့် Research Centre တွင် သိပ္ပံပညာရှင်များ၊ သုတေသနဆရာဝန်များ၊ သင်တန်းပို့ချသူများနှင့် သုတေသနကျောင်းသားများ အပါအဝင် (၇၀၀၀) ခန့်ဖြင့် Sustainable Bio economy၊ စွမ်းအင်၊ ရုပ်ဝတ္ထု (Matter)၊ သတင်းအချက်အလက် စသည့်ကဏ္ဍများတွင် ထိပ်တန်းသုတေသနလုပ်ငန်းများကို ဦးတည်ဆောင်ရွက်နေပါသည်။ ဘိုင်အိုနည်းပညာအသုံးပြု၍ စိုက်ပျိုးရေး အစားအစာနှင့် စွမ်းအင်အသုံးချစနစ်များတွင် တိုးတက်ပြောင်းလဲလာစေရန် ဖန်တီးဆောင်ရွက်နိုင်ခြင်း၊ ပတ်ဝန်းကျင် ပြောင်းလဲမှုများနှင့် အစားအစာစားသုံးမှုတိုးတက်ပြောင်းလဲလာမှုမှ စွန့်ပစ်ပစ္စည်းများအကြား စီမံဆောင်ရွက်ခြင်း၊ ရေရှည်တည်တံ့ပြီး တီထွင်ဆန်းသစ်သော စိုက်ပျိုးရေးနည်းစနစ်များကို ဒစ်ဂျစ်တယ်နည်းပညာနှင့် ပေါင်းစပ်ဆောင်ရွက်ခြင်း၊ ဘိုင်အိုအခြေခံ ပြန်လည်ပြည့်ဖြိုးမြဲကုန်ကြမ်းများရရှိနိုင်ခြင်း၊ ပြန်လည်သန့်စင်ခြင်းတို့ကို ဆောင်ရွက်ရန်ဦးတည်နေခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် မြေမှထုတ်ယူသော သဘာဝလောင်စာအပေါ် မှီခိုမှုလျှော့ချရေးတို့အတွက် ဇီဝအခြေပြုစီးပွားရေးသို့ ဦးတည်ပြောင်းလဲရာတွင် အရေးကြီးသောစိန်ခေါ်မှုများကို ဖြေရှင်းရန် လိုအပ်ခြင်းတို့ကို ရှင်းလင်းဆွေးနွေးပါသည်။ ဆွေးနွေးမှုများ

Agribusiness & Trade

အရ Jülich Research Centre သည် အရှေ့တောင်အာရှ-ဥရောပရန်ပုံငွေအဖွဲ့မှ ထောက်ပံ့မှုဖြင့် IRRIGATION 4.0 စီမံကိန်းကို ထိုင်းနိုင်ငံ National Science and Technology Development Agency(NSTDA)၊ မြန်မာနိုင်ငံ၊ ကွန်ပျူတာစနစ်နှင့် နည်းပညာမဟာဌာန၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ် (UCSY) တို့ပါဝင် ပူးပေါင်း၍ ၂၀၁၉-၂၀၂၀ ခုနှစ်များတွင် ထိုင်းနိုင်ငံ၌ ဒူးရင်းခြံနှင့် ပြောင်းခင်းများတွင် စတင်သုတေသနပြု ဆောင်ရွက်ခဲ့ခြင်းရှိကြောင်း၊ ရေရှည်တည်တံ့သော ဇီဝလောင်စာကိုပုံမှန်ထုတ်လုပ်နိုင်ရန် Smart Irrigation System သည် ဥရောပနှင့် အရှေ့တောင်အာရှဒေသဆိုင်ရာ ဇီဝစီးပွားရေး မဟာဗျူဟာများတွင် ရေအရင်းအမြစ်များကို အကျိုးရှိစွာအသုံးပြုနိုင်ပြီး ရေရှည်တည်တံ့စေရန် ရည်ရွယ်ခြင်း ဖြစ်ကြောင်း သိရှိရပါသည်။ ယခုအခါ Jülich Research Centre နှင့် NSTDA တို့ပူးပေါင်း၍ ဇီဝအခြေပြု စီးပွားရေးစီမံကိန်းလုပ်ငန်းများကို အာဆီယံနိုင်ငံများပါဝင်၍ ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်ရန် ၂၃.၆.၂၀၂၂ ရက်နေ့တွင် အွန်လိုင်းဆွေးနွေးပွဲတစ်ခုကို ကျင်းပဆောင်ရွက်မည့်အစီအစဉ်အတွက် ဂျာမနီနိုင်ငံရှိ ထိုင်းနိုင်ငံသံရုံးက ဖိတ်ကြားလာခြင်းရှိပါသည်။ Jülich Research Centre ကို ၁၉၅၆ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး ဂျာမန်ဖက်ဒရယ်အစိုးရက ၉၀ ရာခိုင်နှုန်းနှင့် NRW ပြည်နယ်က ၁၀ ရာခိုင်နှုန်း ထည့်ဝင်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

ဆက်လက်၍ Jülich Research Centre မှ Prof.Rudiger-A.Eichel က Green Hydrogen သည် ရေရှည်တည်တံ့သော လူမှုစီးပွားစနစ်တစ်ရပ်ဆီ ဦးတည်နေမှုနှင့် Hydrogen ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်ကို ရှင်းလင်းပါသည်။ အလွန်သေးငယ်သော အီလက်ထရွန်အမှုန်များအသုံးပြု၍ သိုလှောင် ဖြန့်ဖြူး ထုတ်လုပ်ပုံအဆင့်ဆင့်ကို ရှင်းလင်းခြင်း၊ နမူနာထုတ်ကုန်ပစ္စည်းများပြသ၍ ရှင်းလင်း ဆွေးနွေးခြင်းတို့ကို လေ့လာကြပါသည်။

Elsdorf မြို့ရှိ Open Cast Mine သို့ သွားရောက်လေ့လာခဲ့ကြပါသည်။ စုစုပေါင်း ဧရိယာ ၈၅၀၀ ဟက်တာ ရှိပြီး နိုင်ငံအတွင်း အကြီးဆုံး Mine တစ်ခုဖြစ်ကာ RWE ကုမ္ပဏီက ၁၉၇၈ ခုနှစ်မှစ၍ ၂၀၁၇ ခုနှစ်အထိ Lignite တူးဖော်ထုတ်လုပ်ခြင်းကို လုပ်ကိုင်ခဲ့ပါသည်။ လက်ရှိတွင် ဧရိယာတစ်ခုလုံးအတွက် Economic and Structural Programme ကို ရေးဆွဲချမှတ်၍ မဟာဗျူဟာအနေဖြင့် Bio economy နှင့် Circular economy တို့ကိုအဓိကဦးတည်ကာ အရင်းအမြစ်များ ထိရောက်မှု၊ လုံလောက်မှုနှင့် ကိုက်ညီမှုရှိခြင်းတို့အပေါ် မူတည်ချမှတ်ထားပါသည်။ ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင်များထုတ်လုပ်ရရှိရေးကို ဦးတည်ကာ အကောင်အထည်ဖော်ရန် ဆောင်ရွက်မည်ဖြစ်ပါသည်။ Rhine မြစ်ရေမှ သွယ်ယူ ဖြည့်သွင်း၍ လေထုညစ်ညမ်းမှုမရှိသည့် Green Hydrogen ထုတ်လုပ်သည့် အဓိကဇုဟိုဒေသကြီးတစ်ခုကို တည်ဆောက်ပြီး ထိရောက်အားကောင်းမှုရှိသည့် ဓါတ်အားပေး

စက်ရုံကြီးများဖြင့် ၂၀၃၀ ခုနှစ်ကို ဦးတည်သတ်မှတ်၍ လုပ်ငန်းများ လည်ပတ်နိုင်ရန်ဆောင်ရွက်လျှက်ပါသည်။ ထို့အပြင် ဒစ်ဂျစ်တယ် နည်းပညာများ၊ Business Solution များ၊ တီထွင်ဆန်းသစ်မှုများဖြင့် ကျန်းမာရေး၊ ပညာရေးကဏ္ဍများအပါအဝင် ဒေသတစ်ခုလုံး စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် အလုပ်အကိုင်များတိုးတက်ရရှိရေး ရည်ရွယ်ထားရှိကြောင်း လေ့လာသိရှိရပါသည်။ လက်ရှိ ဧရိယာသည် မြေဆီလွှာအထူးကောင်းမွန်ပြီး စိုက်ပျိုးရေးနှင့် စားသောက်ကုန်လုပ်ငန်းကဏ္ဍကို အော်ဂဲနစ် နည်းပညာများပေါင်းစပ်၍ တိုးတက်ဆောင်ရွက်သွားမည်ဖြစ်ပြီး Circular economy အတွက် ဥပမာအားဖြင့် ဆောက်လုပ်ရေး၊ အထည်အလိပ် စသည့်လုပ်ငန်းများမှ စွန့်ပစ်ပစ္စည်း ပြန်လည် အသုံးချလုပ်ငန်းများနှင့် အခြားစက်မှုလုပ်ငန်းများ ဖြစ်ထွန်းတိုးတက်လာရန် ရည်မှန်းထားကြောင်း သိရှိရပါသည်။

အာရှ-ပစိဖိတ်နိုင်ငံဆိုင်ရာသံအမတ်ကြီးများ၏ ခရီးစဉ် (Ambassadors in Dialogue) ကို ဂျာမန်အာရှ-ပစိဖိတ်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များအသင်း(OAV) က စတုတ္ထအကြိမ်မြောက် စီစဉ်ခဲ့ခြင်းဖြစ်ပြီး သံအမတ်ကြီးများကို North Rhine-Westphalia ပြည်နယ်အတွင်း တာဝန်ရှိအဆင့်မြင့် ပုဂ္ဂိုလ်များ၊ အာရှ-ပစိဖိတ်နိုင်ငံများနှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်လိုသည့် ကုမ္ပဏီများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ Duisburg ဆိပ်ကမ်း လေ့လာရေးအစီအစဉ်ဖြင့် ဆိပ်ကမ်းလုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှု၊ အာရှတိုက်ရှိ အဓိကဆိပ်ကမ်းများနှင့်လည်း ချိတ်ဆက်ထားရှိဆောင်ရွက်နေမှုများကို လေ့လာရခြင်းတို့ဖြင့် များစွာအကျိုးရှိစေပါသည်။ Jülich Research Centre တွင် ဇီဝအခြေပြုစီးပွားရေးကို အာရှနိုင်ငံများအတွက် စီမံကိန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်နေခြင်းကို လေ့လာရပြီး မြန်မာနိုင်ငံမှ ဆက်လက်ပါဝင်အကူအညီများရရှိနိုင်မည့် အစီအစဉ်များကို သိရှိခဲ့ရပါသည်။ ဂျာမနီနိုင်ငံအနေဖြင့် လေထုညစ်ညမ်းမှုလုံးဝမရှိသည့် Climate Neutrality ကို ၂၀၅၀ ခုနှစ်တွင် ရောက်ရှိရန်ဆောင်ရွက်နေပြီး သဘာဝတွင်းထွက်လောင်စာအပေါ် မှီခိုမှုလျှော့ချပြီး ဇီဝအခြေပြုစီးပွားရေးသို့ ဦးတည်လျက်ရှိရာ Green Hydrogen ထုတ်လုပ်နိုင်ရေး၊ ကုမ္ပဏီလုပ်ငန်းများတွင် Transformation, Innovation, Business solution, Sustainability တို့ကို သက်ဆိုင်ရာ Stakeholders များအားလုံး ပါဝင်ပူးပေါင်းဆောင်ရွက်သည့်စနစ်ကို ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုတို့ကို လေ့လာတွေ့ရှိရကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။

သီတာဝင်းငွေး၊ စီးပွားရေးသံမှူး
ဘာလင်

AgriBusiness&Trade

## ခဲတုစက်မှု လုပ်ငန်းများနှင့် Green Hydrogen ထုတ်လုပ်မှု (ဂျာမနီ)

အီးယူအဖွဲ့ဝင်နိုင်ငံများအနေဖြင့် လောင်စာဆီဈေးနှုန်းများမြင့်တက်လာနေမှုကို တွေ့ကြုံနေကြရသလို တစ်ဖက်တွင်လည်း Green Hydrogen ထုတ်လုပ်မှုစနစ်ကို ဦးတည် သွားလျှက်ရှိပြီး ယင်းအတွက် ဆွေးနွေးပွဲများကျင်းပခြင်း၊ ဒေသတွင်းသာမက နိုင်ငံတစ်ကာနှင့် ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ကြိုးပမ်းဆောင်ရွက်လျှက်ရှိပါသည်။ ဂျာမနီနိုင်ငံသည် ဥရောပဒေသတွင် ခဲတုစက်မှုလုပ်ငန်းထွန်းကားသည့်နိုင်ငံဖြစ်ပြီး ကမ္ဘာတွင် စတုတ္ထအကြီးဆုံးဖြစ်ကာ နိုင်ငံဂျီဒီပီ၏ ၁၀ ရာခိုင်နှုန်းရှိပါသည်။ တစ်ဖက်တွင်လည်း နိုင်ငံတွင်း စုစုပေါင်း ကာဗွန်ဒိုင်ထုတ်လွှတ်မှု၏ ၁၅ ရာခိုင်နှုန်းသည် တွင်းထွက်လောင်စာစွမ်းအင်များကို အသုံးပြုထုတ်လုပ်သည့် ခဲတုစက်မှုလုပ်ငန်းများမှ လာရောက်နေခြင်းကြောင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်များအသုံးပြုလာကြရန် လိုအပ်လာခြင်းဖြစ်သည်။ ခဲတုစက်မှုလုပ်ငန်းများအတွက် မူပိုင်ခွင့်ပိုင်းရယူဆောင်ရွက်မှုတွင် ဂျာမနီနိုင်ငံက ၁၈ ရာခိုင်နှုန်းရှိပြီး အခြားဥရောပနိုင်ငံများ အနေဖြင့် ဆွဒ်ဇာလန် (၈ရာခိုင်နှုန်း)၊ ပြင်သစ် (၇ရာခိုင်နှုန်း)နှင့် နယ်သာလန် (၆ ရာခိုင်နှုန်း) တို့အသီးသီးရှိကြပါသည်။ ခဲတုစက်မှုလုပ်ငန်းများသည် အစိမ်းရောင်ဖန်လုံအိမ်ဓါတ်ငွေ့ အများဆုံးထုတ်လွှတ်မှုပြုသည့်လုပ်ငန်းများဖြစ်ခြင်းကြောင့် လေထုညစ်ညမ်းမှုကင်းစင်သည့် အနေအထားတစ်ခုကို ရောက်ရှိရန်ဆောင်ရွက်နေချိန်တွင် Green Hydrogen သည် အဓိက ဖြေရှင်းပေးနိုင်မည့်အရာတစ်ခုဖြစ်လာပါသည်။ ဂျာမနီနိုင်ငံတွင် ဖက်ဒရယ်အစိုးရက မော်တော်ကားထုတ်လုပ်မှုလုပ်ငန်းမှစ၍ ခဲတုစက်မှုလုပ်ငန်းများအထိ ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့ထုတ်လုပ်မှုလျော့ချနိုင်ရေးအတွက် Green Hydrogen ထုတ်လုပ်သုံးစွဲကြရန် တွန်းအားပေးဆောင်ရွက်နေပါသည်။

Ministry of Economic Affairs and Climate Action က ဂျာမနီနိုင်ငံသည် ၂၀၃၀ ပြည့်နှစ်တွင် ဟိုက်ဒြိုဂျင် 110 terawatt-hours(Twh) လိုအပ်လာနိုင်မည်ဖြစ်ကြောင်း၊ ဆိုလာ၊ လေစွမ်းအင်နှင့် geothermal တို့မှ ရယူထုတ်လုပ်ရန်ဖြစ်ကြောင်း ပြောကြားပါသည်။ ဇွန် ၈ ရက်နေ့မှ ၉ ရက်နေ့အထိ North Rhine-Westphalia ပြည်နယ် Essen မြို့တွင် Hydrogen Summit ကို ကျင်းပခဲ့ရာတွင် ဂျာမနီနိုင်ငံအနေဖြင့် ပြည်ပမှလည်း ဟိုက်ဒြိုဂျင်တင်သွင်းရန် အစီအစဉ်ရှိသဖြင့် ဩစတြေးလျ၊ အိန္ဒိယ၊ အင်ဒိုနီးရှားနိုင်ငံတို့မှ တင်သွင်းနိုင်မှု အလားအလာ၊ အဆိုပါနိုင်ငံများကလည်း ဂျာမနီနိုင်ငံမှ နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုအလားအလာများအတွက် ဆွေးနွေးမှုများ ရှိလာပါသည်။ ထို့ပြင် Elsdorf မြို့ရှိ Open Cast Mine သည် စုစုပေါင်း ဧရိယာ ၈၅၀၀ ဟက်တာ ရှိပြီး ဧရိယာတစ်ခုလုံး

Agribusiness & Trade

အတွက် Economic and Structural Programme ကို ရေးဆွဲချမှတ်၍ မဟာဗျူဟာအနေဖြင့် Bio economy နှင့် Circular economy တို့ကို အဓိကဦးတည်ကာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ ထုတ်လုပ်ရရှိရေး အတွက် Rhine မြစ်ရေမှ သွယ်ယူ ဖြည့်သွင်း၍ လေထုညစ်ညမ်းမှုမရှိသည့် Green Hydrogen ထုတ်လုပ်သည့် အဓိကဗဟိုဒေသကြီးတစ်ခုကို တည်ဆောက်ပြီး ထိရောက်အားကောင်း မှုရှိသည့် ဓါတ်အားပေးစက်ရုံကြီးများဖြင့် ၂၀၃၀ ခုနှစ်ကို ဦးတည်သတ်မှတ်၍ လုပ်ငန်းများ လည် ပတ်နိုင်ရန် ဆောင်ရွက်လျှက်ရှိပါသည်။

ဂျာမန်ကုမ္ပဏီ Viridi RE က ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ထုတ်လုပ်မှုကို စပိန်နိုင်ငံတောင် ပိုင်းတွင် အထူးပြုလုပ်ကိုင်နေပြီး ၂၀၂၅ ခုနှစ်ကုန်ပိုင်းမှစ၍ တစ်နှစ်လျှင် Green Hydrogen တန်ချိန် (၆၀၀၀၀) ထုတ်လုပ်နိုင်ရန် ရည်မှန်းထားပြီး ဓာတုစက်မှုလုပ်ငန်း အများဆုံးရှိသည့် Baden-Wurttemberg ဒေသရှိ စက်ရုံများသို့ ပို့ဆောင်ရန် ဦးတည်ဆောင်ရွက်လျှက်ရှိပါသည်။ လက်ရှိအခြေ အနေတွင် ဓာတုစက်မှုလုပ်ငန်းများအနေဖြင့် သဘာဝဓါတ်ငွေ့ရရှိမှုအပေါ် အားထားနေကြရပြီး ယင်းနေရာတွင်အစားထိုးနိုင်ရန် ဆောင်ရွက်နေခြင်း ဖြစ်ပါသည်။ ရေနံနှင့် သဘာဝဓါတ်ငွေ့ ဈေးနှုန်း များမြင့်တက်လာမှုကလည်း ဓာတုစက်မှုလုပ်ငန်းကုမ္ပဏီများကို ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ ဝယ်ယူ အသုံးပြုလာကြစေရန် ဆွဲဆောင်မှုတစ်ခုဖြစ်လာနိုင်ပါသည်။ ဂျာမနီနိုင်ငံတွင် ကာဗွန်ဓါတ် ငွေ့လုံးဝကင်းစင်မှုအတွက် ၂၀၄၅ ခုနှစ်ကို သတ်မှတ်ထားပြီး ဥရောပဒေသအတွက် ၂၀၅၀ ခုနှစ်ကို သတ်မှတ် ထားရှိပါသည်။ နည်းပညာထွန်းကားတည်ရှိနေသော ဂျာမနီနိုင်ငံသို့ လာရောက်ရင်းနှီး မြှုပ်နှံမှုရန် စိတ်ဝင်စားသည့် နိုင်ငံခြားကုမ္ပဏီများအတွက်လည်း အခွင့်အလမ်းတစ်ခုဖြစ်လာပါ သည်။

ဥရောပကော်မရှင် ဥက္ကဋ္ဌ Ursula **von der Leyen** ဇွန်လ လလယ်ပိုင်းက အီဂျစ်နိုင်ငံသို့ သွား ရောက်ခဲ့သည့် ခရီးစဉ်အတွင်း ရာသီဥတုနှင့် အစိမ်းရောင်စွမ်းအင်ထုတ်လုပ်မှုဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုအတွက် ပူးတွဲကြေငြာချက်တစ်ခုကို ထုတ်ပြန်ခဲ့ပြီး အီဂျစ်နိုင်ငံကို စွမ်းအင်ရရှိမှုအတွက် အားထားရသည့် Supplier အနေဖြင့် ရှုမြင်သုံးသပ်ထားပါသည်။ အဆိုပါ ပူးပေါင်းဆောင်ရွက်မှုသည် အထူးသဖြင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်၊ ဟိုက်ဒြိုဂျင်နှင့် စွမ်းအင်လုံလောက်စွာရရှိမှုတို့အပေါ်တွင် အဓိက ဆောင်ရွက်မည်ဖြစ်သည်။ ထို့ပြင် ဥရောပ ကော်မရှင်၏ Just Transition Fund (JTF) အစီအစဉ်အရ ဂရိနိုင်ငံသည် စွမ်းအင်နှင့်ရာသီဥတု ပြောင်းလဲမှုဆိုင်ရာသက်ရောက်မှုများမှ လျော့ချ နိုင်ရေးအတွက် JTF မှ ထောက်ပံ့ငွေ ယူရို (၁.၃၈) ဘီလီယံ ရယူပါဝင်၍ စုစုပေါင်း ယူရို (၁.၆၃) ဘီလီယံဖြင့် ဆောင်ရွက်မည်ဖြစ်သည်။ ဂရိနိုင်ငံအနေဖြင့် ဒေသအတွင်း အစိမ်းရောင်စွမ်းအင်ထုတ်

Agribusiness & Trade

လုပ်မှုနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုအတွက် JTF အစီအစဉ်ကို ပထမဦးဆုံးအဖြစ် ရယူ ဆောင်ရွက်အကောင်အထည်ဖော်သည့် နိုင်ငံဖြစ်ပါသည်။

Source: https://ec.europa.eu/info/news_en?department=880#news-block

German Trade and Invest Newsletter, June 2022

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး

ဘာလင်

………………………………………………………………………………………………………..

Agribusiness & Trade

# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၂၅ / ၂၀၂၂) ၂၀၂၂ ခုနှစ်၊ ဇွန်လ(၃၀) ရက်

| ၃၀-၆-၂၀၂၂ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၁၈၅၀.၀ |
| ယူရို | ၁၉၂၉.၂ |
| စင်္ကာပူဒေါ်လာ | ၁၃၂၉.၄ |
| စတာလင်ပေါင် | ၂၂၄၄.၇ |
| ဂျပန်ယန်း (၁၀၀) | ၁၃၅၇.၆ |
| တရုတ်ယွမ် | ၂၇၆.၂၅ |
| ဟောင်ကောင် ဒေါ်လာ | ၂၃၅.၇၈ |
| အိန္ဒိယရူပီး | ၂၃.၄၃၁ |
| ကိုရီးယားဝမ် (၁၀၀) | ၁၄၂.၄၃ |
| မလေးရှား ရင်းဂစ် | ၄၁၉.၇၄ |
| ဖိလစ်ပိုင်ပီဆို | ၃၃.၆၄၅ |
| ထိုင်းဘတ် | ၅၂.၃၈၆ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၇.၉၄၉၁ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **အထွေထွေသတင်းများ**

- တရုတ်နိုင်ငံ၏ မော်တော်ယာဉ်လုပ်ငန်း စုစည်းပေါင်းစပ်သည့် ပြည်တွင်းဈေးကွက်သို့ ဦးတည်
- အိုမီခရွန်မ်၏ အကျိုးသက်ရောက်မှုများမှ တရုတ်နိုင်ငံ၏ စီးပွားရေးတဖြည်းဖြည်းပြန်လည်ကောင်းမွန်လာမည်ဟု မျှော်လင့်ရ
- တရုတ်နိုင်ငံတွင် ထုတ်လုပ်မှုဈေးနှုန်းများ မေလတွင် ကျဆင်းခဲ့
- တရုတ်နိုင်ငံသည် နိုင်ငံတကာ ခရီးသွားများအတွက် ကိုဗစ်ရောဂါကန့်သတ်ချိန်လျှော့ချ

## တရုတ်နိုင်ငံ၏ မော်တော်ယာဉ်လုပ်ငန်း စုစည်းပေါင်းစပ်သည့် ပြည်တွင်းဈေးကွက်သို့ ဦးတည်

တရုတ်နိုင်ငံတွင် မော်တော်ယာဉ်လုပ်ငန်း၏ထုတ်လုပ်မှုလိုင်းကို ပိုမိုခိုင်မာစေရန်နှင့် သုံးစွဲသူများ၏ ဝယ်လိုအားကို ဖြည့်ဆည်းပေးရန်အတွက် စုစည်းပေါင်းစပ်သော ပြည်တွင်းဈေးကွက်ကို တည်ဆောက်ရန် တရုတ်နိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုကို မျှော်လင့်ထားကြောင်း တရုတ်နိုင်ငံမှ သတင်းတစ်ခုက ဖော်ပြခဲ့သည်။

ယခုနှစ်၊ ဧပြီလတွင် တရုတ်နိုင်ငံသည် မြင့်မားသောထိရောက်မှု၊ စည်းမျဉ်းအခြေခံမှု၊ ပြိုင်ဆိုင်မှုနှင့် ပွင့်လင်းမြင်သာမှုများ တည်ဆောက်မြှင့်တင်ရာတွင် ထိရောက်မှုမြင့်မားသည့် စုစည်းပေါင်းစပ်ထားသောပြည်တွင်းဈေးကွက် unified market ကို အရှိန်အဟုန်မြှင့်တင်ရန် လမ်းညွှန်ချက်ထုတ်ပြန်ခဲ့သည်။ ယင်းလမ်းညွှန်ချက်တွင် ခေတ်မီသော လည်ပတ်မှုကွန်ရက်ကို တည်ဆောက်ခြင်း၊ ဈေးကွက်သတင်းအချက်အလက် လမ်းကြောင်းများ ဖလှယ်ခြင်းနှင့် ငွေပေးငွေယူ ပလပ်ဖောင်းများ အဆင့်မြှင့်တင်ခြင်းအပါအဝင် ဈေးကွက်ဆိုင်ရာ အဆောက်အအုံများ၏ အပြန်အလှန်ချိတ်ဆက်မှုကို မြှင့်တင်ပေးခြင်းတို့ကို အလေးပေးဖော်ပြခဲ့သည်။ ဆိုလိုသည်မှာ စက်မှုလုပ်ငန်းစုများကြားနှင့် စက်မှုကွင်းဆက် အထက်ပိုင်းနှင့် အောက်ပိုင်းအကြား ပေါင်းစပ်မှု အားကောင်းလာလိမ့်မည်ဖြစ်ကြောင်း ကျွမ်းကျင်သူများက ပြောကြားခဲ့ပြီး ယခုအချိန်တွင် အဓိကသော့ချက်မှာ ပြည်တွင်းဝယ်လိုအား အပေါ်အခြေခံသည့် လည်ပတ်မှုကို မပိတ်ဆို့ရန်နှင့် ကျိုးကြောင်းဆီလျော်မှုမရှိသောကန့်သတ်ချက်များအားလုံးကို ဖြည်းဖြည်းချင်း ရုတ်သိမ်းရန်ဖြစ်သည်။ လမ်းညွှန်ချက်တွင် စုစည်းထားသော ဈေးကွက်စည်းမျဉ်းစည်းကမ်းများကို တည်ထောင်ရန်နှင့် ပြည်တွင်းအကာအကွယ်ပေးမှုနှင့် ဈေးကွက် ပိုင်းခြားခြင်းတို့ကို ချိုးဖျက်ရန် အလေးပေးဖော်ပြထားသည်။

အချို့သော ဒေသန္တရအစိုးရများသည် မြင့်မားသောထောက်ပံ့ကြေးများနှင့် ဈေးငွေပံ့ပိုးမှု သို့မဟုတ် တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို စွမ်းအင်သုံးကားများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် စက်မှုလုပ်ငန်းဆိုင်ရာ အားသာချက်တစ်ခုအဖြစ် အသုံးပြုကြောင်း စုစည်းပေါင်းစပ်သော ပြည်တွင်းဈေးကွက်ကို အရှိန်မြှင့်တည်ဆောက်ရာတွင် အနာဂတ်တွင် ဤဖြစ်စဉ်ကို ချေမှုန်းပစ်သင့်ပြီး မြို့ကြီးများအားလုံးသည် ညီတူညီမျှသောအဆင့်တွင် စွမ်းအင်သုံးယာဉ် ကုမ္ပဏီများကို ဆွဲဆောင်သင့်ကြောင်း ဒေသဆိုင်ရာအစိုးရများသည် ငွေကြေးထောက်ပံ့မှုများတွင် ပြိုင်ဆိုင်မှုလျှော့ချသင့်ပြီး လုပ်ငန်းများအတွက် ဝန်ဆောင်မှုများ တန်းတူရည်တူပေးအပ်သင့်ကြောင်း Zhejiang University's International Business School မှ တွဲဖက်ဒါရိုက်တာ Pan Helin မှ ပြောကြားခဲ့ပါသည်။ စွမ်းအင်သုံးကားသစ်

များအတွက် ငွေကြေးထောက်ပံ့မှုမရှိပါက စက်မှုလုပ်ငန်းသည် ယင်းတို့၏အမြတ် အစွန်းအား စုစည်းထားသော ပြည်တွင်းဈေးကွက်တွင် အရှိန်အဟုန်ဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း ဈေးကွက် မဟုတ်သော အတားအဆီးများကို သတိပြုသင့်ပြီး စားသုံးသူများကို ရွေးချယ်ခွင့်များ ပိုမိုရရှိစေသင့်ကြောင်း လေ့လာသုံးသပ်သူ Yang Xiaolin က သတိပေးခဲ့ပါသည်။

ရင်းမြစ် (၁)[China continues on path to unified domestic auto market – News – Yunnan Express]

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး

ကူမင်း

………………………………………………………………………..

## အိုမီခရွမ်၏ အကျိုးသက်ရောက်မှုများမှ တရုတ်နိုင်ငံ၏ စီးပွားရေး တဖြည်းဖြည်း ပြန်လည်ကောင်းမွန်လာမည်ဟု မျှော်လင့်ရ

တရုတ်နိုင်ငံ၏ ကြီးမားသော ကူးစက်ရောဂါတိုက်ဖျက်ရေး ရလဒ်များနှင့် တိုးတက်မှုလိုလားသောမူဝါဒများ သက်ရောက်မှုရှိလာသဖြင့် တရုတ်နိုင်ငံ၏ စီးပွားရေးသည် တဖြည်းဖြည်း ပြန်လည်ကောင်းမွန်လာရန် မျှော်လင့်ထားကြောင်း နိုင်ငံ၏စီးပွားရေးသည် ဧပြီလတွင် ပြည်တွင်း၌ COVID-19 ပြန်လည်ဖြစ်ပွားမှုမှ ထိခိုက်နစ်နာခဲ့ရသော်လည်း သက်ရောက်မှုများမှာ ခဏတာနှင့် အပေါ်ယံသာဖြစ်ကြောင်း အမျိုးသား စာရင်းအင်း ဗျူရို (NBS) မှ ပြောရေးဆိုခွင့်ရှိသူ ဖူလင်းဟွာက မေလ ၁၆ ရက်နေ့တွင်ပြောကြားခဲ့ပါသည်။ တရုတ်စီးပွားရေး၏ အခြေခံအချက်များမှာ မပြောင်းလဲဘဲရှိနေကြောင်း စီးပွားရေးအသွင်ကူးပြောင်းမှုနှင့် အဆင့်မြှင့်တင်ရေးနှင့် အရည်အသွေးမြင့်ဖွံ့ဖြိုး တိုးတက်မှု၏ အလုံးစုံသော လမ်းကြောင်းများမှာ မပြောင်းလဲသေးကြောင်း စီးပွားရေးတည်ငြိမ်ရန်နှင့် မျှော်မှန်းထားသော ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များကို အကောင်အထည်ဖော်ရန် ကောင်းမွန်သော အခြေအနေများစွာရှိကြောင်း အလွန်ကြီးမားသောဈေးကွက်၊ ပြီးပြည့်စုံသော စက်မှုလုပ်ငန်းနှင့် ထောက်ပံ့ရေးကွင်းဆက်များနှင့် ကြီးမားသော ပြည်တွင်းဝယ်လိုအားနှင့်အတူ၊ ကမ္ဘာ့ဒုတိယအကြီးဆုံးစီးပွားရေးသည် စိန်ခေါ်မှုအမျိုးမျိုးကို တွန်းလှန်ရန် ခံနိုင်ရည်ရှိပါကြောင်း ကပ်ရောဂါ၏ အကျိုးသက်ရောက်မှုများရှိနေသော်လည်း သီးနှံနှင့် စွမ်းအင်ထုတ်လုပ်မှုသည် ပထမလေးလအတွင်း တိုးတက်မှု ဆက်လက်ထိန်းသိမ်းထားနိုင်ပြီး၊ ကပ်ရောဂါကိုတိုက်ဖျက်ရန်နှင့် စီးပွားရေးပြန်လည်ထူထောင်ရန် အတွက်ခိုင်မာသောအခြေခံအုတ်မြစ်ချထားကြောင်း ယခုနှစ် ဧပြီလတွင် ကျောက်မီးသွေး

Agribusiness

ကုန်ကြမ်း၊ ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ထွက်ရှိမှုသည် တစ်နှစ် ထက်တစ်နှစ် ၁၀ ဒသမ ၇ ရာခိုင်နှုန်း၊ ၄ ရာခိုင်နှုန်းနှင့် ၄ ဒသမ ၇ ရာခိုင်နှုန်း အသီးသီးမြင့်တက်ခဲ့ကြောင်း စားနပ်ရိက္ခာနှင့် နေ့စဉ်သုံးပစ္စည်းများ လုံလောက်စွာရရှိပြီး ဈေးနှုန်းများ တည်ငြိမ်နေပါကြောင်း ငွေကြေးဖောင်းပွမှု၏အဓိကအတိုင်းအတာတစ်ခုဖြစ်သည့် စားသုံးသူ ဈေးနှုန်းညွှန်းကိန်းသည် ပြီးခဲ့သည့်လတွင် တစ်နှစ်ထက်တစ်နှစ် ၂.၁ ရာခိုင်နှုန်းသာ မြင့်တက်ခဲ့ပါကြောင်း စွမ်းအင်မြင့်ကားများနှင့် ဆိုလာဆဲလ်များထုတ်လုပ်မှုသည် ဧပြီလတွင် တစ်နှစ်ထက် တစ်နှစ် ၄၂.၂ ရာခိုင်နှုန်းနှင့် ၂၀.၈ ရာခိုင်နှုန်း တိုးမြင့်လာသဖြင့် နည်းပညာမြင့် စက်မှုလုပ်ငန်းများသည် (ကြယ်ပွင့်များကဲ့သို့သော) မြင့်မားသောစွမ်းဆောင်ရည်ကို ပြသခဲ့ပါကြောင်း ပြောကြားခဲ့သည်။

ရှန်ဟိုင်းနှင့် ဂျီလင်းတို့တွင် အလုပ်အကိုင်နှင့် ထုတ်လုပ်မှုကို အရှိန်အဟုန်ဖြင့် ပြန်လည်စတင်နိုင်သည့်အပြင် တိုးတက်မှုလိုလားသော အစီအမံများကို အကောင်အထည်ဖော်ခြင်းဖြင့်တရုတ်နိုင်ငံ၏ စီးပွားရေးသည် မေလတွင်တိုးတက်လာမည်ဟု မျှော်လင့်ရကြောင်း အချို့သောညွှန်ကိန်းများသည် ဧပြီလတွင် ကျုံ့သွားသည်ကို တွေ့ခဲ့ရသော်လည်း ဒုတိယသုံးလပတ်တွင် စီးပွားရေးနှေးကွေးမည်ဟု မဆိုလိုပါကြောင်း ဖူက ပြောကြားပြီး စီးပွားရေးပြန်လည် ကောင်းမွန်လာစေရန်ရင်းနှီးမြှုပ်နှံမှုနှင့် သုံးစွဲမှုဆိုင်ရာ အခန်းကဏ္ဍများကို အလေးပေးလျှက်ဖော်ပြခဲ့သည်။ အမြောက်အများထုတ်လုပ်မှုတွင် ရင်းနှီးမြှုပ်နှံမှုသည် ပထမလေးလအတွင်း တစ်နှစ်ထက် တစ်နှစ် ၁၂ ဒသမ ၂ ရာခိုင်နှုန်း ခုန်တက်ခဲ့ပြီး အခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုမှာ တစ်နှစ်ထက်တစ်နှစ် ၆ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပါကြောင်း ယင်းအချက်အရ ရင်းနှီးမြှုပ်နှံမှုသည် စီးပွားရေးတိုးတက်မှုအတွက် အရေးကြီးသော အထောက်အပံ့ကို ပေးနိုင်တယ်ဆိုတာကို ပြသနေပါကြောင်းဟု ၎င်းက ဆိုသည်။တရုတ်နိုင်ငံ၏ စားသုံးမှုအားကောင်းမှု၏ သိသာထင်ရှားသော ညွှန်ပြချက်ဖြစ်သည့် လူသုံးကုန်ပစ္စည်းများ လက်လီရောင်းချမှုသည် ဇန်နဝါရီမှ ဧပြီလအတွင်း ယွမ် ၁၃.၈၁ ထရီလီယံ (အမေရိကန်ဒေါ်လာ ၂ ထရီလီယံခန့်) သို့ တစ်နှစ်ထက်တစ်နှစ် ၀.၂ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း NBS ဒေတာက ဖော်ပြထားပါသည်။ ကူးစက်ရောဂါကို ထိန်းချုပ်ပြီး ထုတ်လုပ်မှုနှင့် လူများ၏ ဘဝပုံမှန်ပြန်ဖြစ်လာတာနှင့်အမျှ မျိုသိပ်ထားရသော စားသုံးမှုဟာ တဖြည်းဖြည်းမြင့်တက်လာမည်ဖြစ်ပါကြောင်း ဖူက ပြောကြားခဲပါသည်။

တရုတ်နိုင်ငံ၏ ပို့ကုန်သည် ပထမလေးလအတွင်း ယွမ် ၆.၉၇ ထရီလျံနီးပါး ရောက်ရှိခဲ့ပြီးတစ်နှစ်ထက်တစ်နှစ် ၁၀.၃ ရာခိုင်နှုန်း ခုန်တက်သွားခဲ့ကြေား ရှုပ်ထွေးပြီး ပြင်းထန်သော နိုင်ငံတကာအခြေအနေရှိသော်လည်း တရုတ်နိုင်ငံ၏ ပြီးပြည့်စုံသောစက်မှုစနစ်၊ ကုန်ထုတ်လုပ်မှုစွမ်းအား၊

Agribusiness & Trade

ပိုမိုဖွင့်လှစ်မှု၊ ကုန်သွယ်မှုမိတ်ဖက်များနှင့် အပြန်အလှန်အကျိုးရှိသော ပူးပေါင်းဆောင်ရွက်မှုနှင့် လွတ်လပ်သောကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်မှုတို့ အပါအဝင် တရုတ်နိုင်ငံ၏ စဉ်ဆက်မပြတ် ပို့ကုန်တိုးတက်မှုကို လွယ်ကူချောမွေ့စေမည့် အခြေအနေများရှိကြောင်း ရှေ့ကိုမျှော်ကြည့်ပါက တရုတ်နိုင်ငံသည် မက်ခရိုမူဝါဒ ပြုပြင်ပြောင်းလဲမှုကို အားကောင်းစေပြီး စီးပွားရေးကို သင့်လျော်သည့် အတိုင်းအတာတစ်ခုအတွင်း လည်ပတ်နိုင်စေရန် သေချာစေခြင်းဖြင့် ကူးစက်ရောဂါ၏ သက်ရောက်မှုများကို လျော့ပါးစေမည်ဖြစ်ကြောင်း ဖူက ပြောကြားခဲ့သည်။

ရင်းမြစ် [China's economy expected to recover gradually from Omicron impacts – News – Yunnan Express]

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး

ကူမင်း

……………………………………………………………………

## တရုတ်နိုင်ငံတွင် ထုတ်လုပ်မှု ဈေးနှုန်းများ မေလတွင် ကျဆင်းခဲ့

တရုတ်အစိုးရမှ စောင့်ကြည့်ကြီးကြပ်သည့် ရင်းနှီးကုန်စည်အများစုသည် ၂၀၂၂ ခုနှစ် မေလဆန်းပိုင်းနှင့် နှိုင်းယှဉ်ပါက မေလလယ်တွင် ဈေးနှုန်းများကျဆင်းခဲ့ကြောင်း တရားဝင်အချက်အလက်များက ဖော်ပြခဲ့သည်။ အစိုးရမှ စောင့်ကြည့်ကြီးကြပ်သည့် အဓိကကုန်စည် ၅၀ မျိုးတွင် (ချောမွေ့/ စပ်ကြောင်းမရှိသော) သံမဏိပြွန်များ၊ ဓာတ်ဆီ၊ ကျောက်မီးသွေး၊ ဓာတ်မြေသြဇာနှင့် စိုက်ပျိုးရေးထွက်ကုန်အချို့ အပါအဝင် ကုန်စည် ၂၃ ခုမှာ ဈေးတက်ခဲ့ပြီး ၂၇ မျိုးမှာ ဈေးနှုန်းကျဆင်းခဲ့ကြောင်း အမျိုးသားစာရင်းအင်းဗျူရိုမှ အချက်အလက်များအရ သိရှိရပါသည်။ ဝက်သားဈေးသည် တစ်ကီလိုလျှင် ၁၅.၅ ယွမ် (၂.၃ ဒေါ်လာ) အထိ တက်လာခဲ့ကြောင်း ၁၀ ရက်လျှင် တစ်ကြိမ်ထုတ်ပြန်သော အဆိုပါ ကြေငြာချက်သည် ပြည်နယ်အဆင့် တိုင်းဒေသကြီး ၃၁ ခုရှိ လက်ကားရောင်းချသူများနှင့် ဖြန့်ဖြူးသူ ၂၀၀၀ နီးပါး၏ စစ်တမ်းကို အခြေခံထားသည်။

ရင်းမြစ် [Means of production prices fall in China – News – Yunnan Express]

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး

ကူမင်း

……………………………………………………………

## တရုတ်နိုင်ငံသည် နိုင်ငံတကာ ခရီးသွားများအတွက် ကိုဗစ်ရောဂါ ကန့်သတ်ချိန် လျှော့ချ

တရုတ်နိုင်ငံသည် ကိုဗစ် ၁၉ ကန့်သတ်ထိန်းချုပ်မှုများ quarantine ကို ၂၈-၆-၂၂ ရက်နေ့တွင် ထက်ဝက်ခန့် လျှော့ချလိုက်သည်။ လက်ရှိတွင် နယ်စပ်ဖြတ်ကျော် ခရီးသွားလာမှုကို ဟန့်တားစေသည့် ကိုဗစ် ၁၉ ကန့်သတ်ထိန်းချုပ်မှုများကြောင့် ကပ်ရောဂါအကြို နိုင်ငံတကာလေကြောင်းခရီးစဉ်များ လည်ပတ်မှု၏၂ ရာခိုင်နှုန်းသာရှိကြောင်း သိရှိရသည်။

ဗဟိုချုပ်ကိုင်မှုရှိသော အဆောက်အအုံများတွင် သီးသန့်ခွဲထားမှုကို ၁၄ ဆယ့်လေးရက်မှ (၇) ခုနစ်ရက်သို့ လျှော့ချခဲ့ပြီး နောက်ဆက်တွဲအိမ်တွင်း ကျန်းမာရေးစောင့်ကြည့်မှုကို (၇) ခုနစ်ရက်မှ (၃) သုံးရက်သို့ လျှော့ချလိုက်ကြောင်း အမျိုးသားကျန်းမာရေးကော်မရှင်က ပြောကြားခဲ့သည်။ ကျန်ကမ္ဘာ့နိုင်ငံများက ဗိုင်းရပ်စ်နှင့်အတူ နေထိုင်ရန် ကြိုးစားနေသော်လည်း တရုတ်နိုင်ငံ၏တင်းကျပ်သော ကိုဗစ် ၁၉ တိုက်ဖျက်ရေး အစီအမံများကို လိုက်နာခြင်းသည် ၎င်း၏စီးပွားရေးကို ထိခိုက်စေခဲ့ပြီး ရှန်ဟိုင်းကဲ့သို့ မြို့ကြီးများတွင် ပြင်းထန်လွန်းသော ပိတ်ဆို့အရေးယူမှုများတွင် လူသန်းပေါင်းများစွာကို ဒေါသထွက်စေခဲ့သည်။ မကြာသေးမီ လများအတွင်း တရုတ်နိုင်ငံသည် နယ်စပ်ဖြတ်ကျော်ခရီးသွားများကို သတိကြီးကြီးထားပြီး ဖြေလျှော့ပေးခဲ့ပြီး အိုမီခရွန်မျိုးကွဲ၏ ပေါက်ဖွားသည့်ကာလ တိုတောင်းခြင်းသည် ကိုဗစ် ၁၉ ကန့်သတ် ထိန်းချုပ်မှုကာလ quarantine time ကို ချိန်ညှိနိုင်သည်ဟု ကျန်းမာရေးအရာရှိများက ပြောကြားခဲ့သည်။

ယခုလအစောပိုင်းတွင် တရုတ်နိုင်ငံ၏ လေကြောင်းထိန်းသိမ်းရေးအဖွဲ့သည် ၂၀၂၂ ခုနှစ် ဒုတိယနှစ်ဝက်တွင် လေယာဉ်ပျံသန်းမှု အရေအတွက် မှန်မှန်တိုးလာစေရန် နိုင်ငံအချို့နှင့် အဆက်အသွယ်ရှိနေပြီဟု ပြောကြားခဲ့သည်။

ကိုဗစ် ၁၉ ကန့်သတ်ထိန်းချုပ်မှုစည်းမျဉ်းသစ်ကို တရုတ်နိုင်ငံရှိ အမေရိကန်၊ ဗြိတိန်နှင့် ဥရောပ စီးပွားရေး လော်ဘီအဖွဲ့များက ကြိုဆိုခဲ့ကြသည်။ "စီးပွားရေး ဖလှယ်မှုတွေ တိုးမြင့်လာဖို့နဲ့ နိုင်ငံတကာ အရည်အချင်းရှိသူတချို့က ပြည်ပမှာ သုံးနှစ်ကြာ ခွဲခွာခဲ့ရတဲ့ မိသားစုတွေနဲ့ ကွဲကွာနေတဲ့နိုင်ငံတကာ အရည်အချင်းတွေ စီးဆင်းမှုကို ရပ်တန့်စေရေး တွန်းအားပေးဖို့ မျှော်လင့်ပါတယ်" ဟု တရုတ်နိုင်ငံရှိ ဗြိတိန် ကုန်သည်ကြီးများအသင်းမှ ရိုက်တာသို့ ပြောကြားခဲ့သည်။ အပြောင်းအလဲကို ကြိုဆိုစဉ်တွင် တရုတ်ရှိ ဥရောပကုန်သည်ကြီးများအသင်းမှ ဒေသဆိုင်ရာ အာဏာပိုင်များအားလုံးသည် ပိုမိုဖြေလျှော့သော စည်းမျဉ်းအသစ်များကိုလိုက်နာခြင်း ရှိ၊ မရှိ စောင့်ကြည့်ရန် ကျန်ရှိနေသေးကြောင်း သတိပေးခဲ့သည်။

အဆိုပါကြေငြာချက်၏ရိုက်ခတ်မှုကြောင့် ဟောင်ကောင်နှင့် ပြည်မကြီးရှိ စတော့ဈေးကွက်များမြင့်တက်လာပြီး ဟန်စန်း ညွှန်းကိန်း Hang Seng Index သည် အရှုံးကို နောက်ပြန်လှည့်၍ ၁.၉ % တက်သွားကာ  CSI300 Index ညွှန်းကိန်းသည် ၁% တက်သွားခဲ့ကြောင်းနှင့် ပြည်မကြီး ခရီးသွားကုမ္ပဏီများ၏ ရှယ်ယာများသည် ၅ ရာခိုင်နှုန်းကျော် ခုန်တက်သွားကြောင်း ဖော်ပြထားပါသည်။

ဘေဂျင်းနှင့် ရှန်ဟိုင်းတို့တွင် ဒေသန္တရ ကိုဗစ် ကူးစက်မှုအသစ်မရှိကြောင်း (၂၈-၆-၂၂) တွင် သတင်းထုတ်ပြန်ခဲ့ပြီး ဖေဖော်ဝါရီနှောင်းပိုင်းမှစတင်ကာ မြို့နှစ်မြို့လုံးတွင် ပထမဆုံးအကြိမ် တစ်ပြိုင်နက် အန္တာရယ်မှကင်းရှင်းလွတ်ကင်းပြီဖြစ်ကြောင်း ကြေငြာခဲ့သည်။ လွန်ခဲ့သည့် ရက်သတ္တပတ်ကစတင်၍ ၎င်းတို့၏နေ့စဉ် ဝန်ထုပ်ဝန်ပိုးသည် ဂဏန်းတစ်လုံး single digit သို့ ကျဆင်းသွားခဲ့ပြီး ရှန်ဟိုင်းသည် စားသောက်ဆိုင်များတွင် စားသောက်ခြင်းကို ဖြည်းဖြည်းချင်း ပြန်လည်စတင်နိုင်စေရန်နှင့် Universal Beijing Resort အပါအဝင် အပန်းဖြေနေရာအချို့ကို ပြန်လည်ဖွင့်လှစ်ရန် ရှန်ဟိုင်းအား ခွင့်ပြုပေးခဲ့သည်။ ပိတ်ထားသည်မှာ သုံးလကျော်ပြီဖြစ်သော ရှန်ဟိုင်း ဝေ့ဒစ်စနေ အပန်းဖြေဥယျာဉ်ကို (၃၀-၆-၂၂) ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း အင်္ဂါနေ့(၂၈-၆-၂၂) တွင် ပြောကြားခဲ့သည်။

သို့သော်လည်း အာဏာပိုင်များသည် သမ္မတရှီ၏ ကိုယ်ပိုင်လက္ခဏာ ပေါ်လစီဖြစ်သော အစိုးရ၏ တက်ကြွသောချဉ်းကပ်မှုဟု ခေါ်တွင်သော ကိုဗစ်အကြွင်းမဲ့ ထိန်းချုပ်ရေး zero COVID မူအရ မပြန့်ပွားအောင် တားဆီးရန် တစ်ပြားသားမှ အလျှော့မပေးဘဲ ရည်မှန်းထားဆဲဖြစ်သည်။

ဘေဂျင်းအနေဖြင့် အစဦးပိုင်းကတည်းက ရောဂါကူးစက်မှုအသစ်များကို အရှိန်အဟုန်ဖြင့် ပြတ်ပြတ်သားသား တွန်းလှန်ပြီး ကူးစက်ရာလမ်းကြောင်းများကို ချေမှုန်းပစ်မည်ဖြစ်ကြောင်း မြို့တော်၏ ကွန်မြူနစ်ပါတီ ထိပ်တန်းအကြီးအကဲ Cai Qi က ပါတီကို ကျောထောက်နောက်ခံပြုထားသော ပေကျင်းနေ့စဉ်သတင်းစာတွင် ပြောကြားထားသည်။ (၂၇-၆-၂၂)ရက်နေ့ အစောပိုင်းတွင် ပေကျင်းနေ့စဉ် သတင်းစာက ဘေဂျင်းမြို့တော်သည် ၎င်း၏ COVID ထိန်းချုပ်မှုအား လာမည့် ငါးနှစ်ကြာ ဆက်လက်ထိန်းသိမ်းထားမည်ဟု Cai ကို လွဲမှားစွာ ကိုးကားခဲ့သော်လည်း ယင်းနောက် သတင်းစာသည် ကိုးကားချက်အား ဖယ်ရှားခဲ့ပြီး ၎င်း၏အကြီးအကဲ Zhao Jingyun က ၎င်းသည် မှားယွင်းမှုတစ်ခုဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။  လူအများကြားတွင်မူ သံသယအချို့ကို မတားဆီးနိုင်ခဲ့ကြောင်း "သေချာတာပေါ့၊ အဲဒါက အမှားမဟုတ်ဘူး၊ လူထုရဲ့ သဘောထားကို တိုင်းတာဖို့ ရည်ရွယ်တာပါ” Weibo ဆိုရှယ်မီဒီယာပလပ်ဖောင်း အသုံးပြုသူတစ်ဦးက ပြောကြားခဲ့ပြီး အခြား

Agribusiness & Trade

Weibo အသုံးပြုသူ တစ်ဦးက ၎င်းသည် အများအယွင်းဖြစ်ခဲ့လျှင်ပင် “အနည်းဆုံး ထိပ်တန်းအရာရှိများသည် ကျွန်ုပ်တို့အားလုံး ယင်းအတွက်ကြောင့် မည်မျှ အကူအညီမဲ့ခံစားရကြောင်းနှင့် လက်ရှိ ကူးစက်ရောဂါ တိုက်ဖျက်ရေးမူဝါဒများကို ကျွန်ုပ်တို့ မည်မျှစက်ဆုပ်ရွံရှာမုန်းတီးနေပြီ ဖြစ်သည်ကို ယခု သိရှိနားလည်သင့်ပြီဖြစ်သည်” ဟု ပြောကြားခဲ့သည်။

ရင်းမြစ် China slashes COVID quarantine time for international travellers (yahoo.com)

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး

ကူမင်း

…………………………………………………………………………………………………………..

Agribusiness & Trade